ကြေးမုံ
The Mirror
၁၃၇၃ ခုနှစ်၊ နယုန်လဆန်း ၃ ရက်၊ စနေနေ့၊ (4-6-2011) (၆၇၈၀)

နိုင်ငံရေး ဦးတည်ချက် (၄)ရပ်	စီးပွားရေး ဦးတည်ချက် (၄)ရပ်	လူမှုရေး ဦးတည်ချက် (၄)ရပ်
☆ နိုင်ငံတော်တည်ငြိမ်ရေး၊ ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေစိုးမိုးရေး ☆ အမျိုးသား စည်းလုံးညီညွတ်မှု ခိုင်မာရေး ☆ စည်းကမ်းပြည့်ဝသော ဒီမိုကရေစီစနစ် ရှင်သန်ခိုင်မာအောင် တည်ဆောက်ရေး ☆ ဖွဲ့စည်းပုံ အခြေခံဥပဒေနှင့်အညီ ခေတ်မီ ဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ် တည်ဆောက်ရေး	☆ စိုက်ပျိုးရေးကို ပိုမိုဖွံ့ဖြိုးတိုးတက်အောင်ဆောင်ရွက်ပြီး ခေတ်မီစက်မှုနိုင်ငံထူထောင်ရေးနှင့် အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး ☆ ဈေးကွက်စီးပွားရေးစနစ် ပီပြင်စွာ ဖြစ်ပေါ်လာရေး ☆ ပြည်တွင်းပြည်ပမှ အတတ်ပညာနှင့် အရင်းအနှီးများ ဖိတ်ခေါ်၍ စီးပွားရေးဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး ☆ နိုင်ငံတော်၏ စီးပွားရေးတစ်ရပ်လုံးကို ဖန်တီးနိုင်မှု စွမ်းအားသည် နိုင်ငံတော်နှင့် တိုင်းရင်းသား ပြည်သူတို့၏ လက်ဝယ်တွင်ရှိရေး	☆ တစ်မျိုးသားလုံး၏ စိတ်ဓာတ်နှင့် အကျင့်စာရိတ္တ မြင့်မားရေး ☆ အမျိုးဂုဏ်၊ ဇာတိဂုဏ်မြင့်မားရေးနှင့် ယဉ်ကျေးမှုအမွေအနှစ်များ၊ အမျိုးသားရေးလက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး ☆ စစ်မှန်သော မျိုးချစ်စိတ်ဓာတ်ဖြစ်သည့် ပြည်ထောင်စုစိတ်ဓာတ် ရှင်သန်ထက်မြက်ရေး ☆ တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည် မြင့်မားရေး

ဂုဏ်ထူးဆောင်ဘွဲ့၊ ဂုဏ်ထူးဆောင်တံဆိပ်များကို အမှန်တကယ်ပေးအပ်သင့် ပေးအပ်ထိုက်သူများ၊ ရသင့်ရထိုက်သူများ ရကြစေရန် သေချာစွာ ရွေးချယ်စိစစ်ပေးအပ်

အရေအတွက် ဖောင်းပွခြင်း၊ ဘွဲ့တံဆိပ်များ၏ မူလတန်ဖိုးကျဆင်းခြင်းများ မဖြစ်ပေါ်ရန် ကြပ်မတ်

နိုင်ငံတော်က ချီးမြှင့်သော ဘွဲ့တံဆိပ်များကို သားစဉ်မြေးဆက် ဂုဏ်ယူမြတ်နိုးတန်ဖိုးထားတတ်သော ပုဂ္ဂိုလ်မျိုးအား ချီးမြှင့်ပေးအပ်

နေပြည်တော် ဇွန် ၃

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဒုတိယသမ္မတ ဒေါက်တာစိုင်းမောက်ခမ်းသည် ယနေ့ နံနက် ၁၀ နာရီတွင် နေပြည်တော်ရှိ နိုင်ငံတော်သမ္မတရုံး အစည်းအဝေးခန်းမ၌ ကျင်းပသည့် ဂုဏ်ထူးဆောင်ဘွဲ့များ၊ ဂုဏ်ထူးဆောင်တံဆိပ်များ ချီးမြှင့်အပ်နှင်းရန် စိစစ်ရေးအဖွဲ့ အစည်းအဝေးသို့ တက်ရောက် အမှာစကားပြောကြားသည်။

ရှေးဦးစွာ ဂုဏ်ထူးဆောင်ဘွဲ့များ၊ ဂုဏ်ထူးဆောင်တံဆိပ်များ ချီးမြှင့်အပ်နှင်းရန် စိစစ်ရေးအဖွဲ့နာယက ဒုတိယသမ္မတ ဒေါက်တာစိုင်းမောက်ခမ်းက အဖွင့်အမှာစကားပြောကြားရာ၌ နိုင်ငံတစ်နိုင်ငံကို တည်ဆောက်ကြရာတွင် နိုင်ငံကို ကမ္ဘာနှင့် ရင်ပေါင်တန်း တိုးတက်ဖွံ့ဖြိုးစေရန် နိုင်ငံသူ နိုင်ငံသားအားလုံးက ကျရာအခန်းကဏ္ဍမှနေ၍ အားကြိုးမာန်တက် ဆောင်ရွက်မှသာလျှင် ဖြစ်နိုင်ကြောင်း။

ဤကဲ့သို့ အားကြိုးမာန်တက် နေ့မအားညမနား ဆောင်ရွက်လိုသည့်ဆန္ဒ ပိုမိုခိုင်မာလာအောင် ဆွဲဆောင်အားနှင့် တွန်းပို့အားလည်း လိုအပ်ကြောင်း၊ မိမိ၏ရည်မှန်းချက်ပန်းတိုင်ကို မရောက် ရောက်အောင် တွေ့ကြုံရင်ဆိုင်ရမည့် အခက်အခဲမှန်သမျှကို မလျှော့သောဇွဲ၊ သတ္တိ၊ လုံ့လဝီရိယတို့ဖြင့် ကျော်လွှားကြခြင်းသည် ဆွဲဆောင်အားကြောင့်ပင် ဖြစ်ကြောင်း။

ထိုသို့ သက်စွန့်ကြိုးပမ်းကြသည့် ပုဂ္ဂိုလ်များ၏ ဇွဲ၊ သတ္တိ၊ လုံ့လဝီရိယများ လျော့ကျမသွားစေရန် နောက်မှ တွန်းပို့ပေးမည့် တွန်းအားလည်း လိုအပ်ကြောင်း။

နိုင်ငံတော်က ချီးမြှင့်သည့် ဂုဏ်ထူးဆောင်ဘွဲ့၊ ဂုဏ်ထူးဆောင်တံဆိပ်များသည် ထိရောက်သော တွန်းပို့အား တစ်ရပ်ဖြစ်ကြောင်း။

ယင်းသို့ ဘွဲ့တံဆိပ်များ ချီးမြှင့်ရာတွင် ရပ်ရွာအေးချမ်းသာယာရေး၊ တရားဥပဒေစိုးမိုးရေးအတွက် စွမ်းစွမ်းတမံ ဆောင်ရွက်ခဲ့ကြသော ပုဂ္ဂိုလ်များ၊ နိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေးဦးတည်ချက်များနှင့်အညီ ထူးခြားစွာ အားထုတ်ကြိုးပမ်းဆောင်ရွက်ကြသည့် ပုဂ္ဂိုလ်များ၊ သိပ္ပံပညာ၊ **စာမျက်နှာ ၃ ကော်လံ ၁ သို့**☆

ဒုတိယသမ္မတ ဒေါက်တာစိုင်းမောက်ခမ်း ဂုဏ်ထူးဆောင်ဘွဲ့များ၊ ဂုဏ်ထူးဆောင်တံဆိပ်များ ချီးမြှင့်အပ်နှင်းရန် စိစစ်ရေးအဖွဲ့ အစည်းအဝေးတွင် အမှာစကားပြောကြားစဉ်။ (သတင်းစဉ်)

ကြေးမုံ The Mirror
၄-၆-၂၀၁၁
(စနေနေ့)

နှစ်နိုင်ငံအကျိုးစီးပွားရေးရှု ပူးပေါင်းဆောင်ရွက်မည်

ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော် ဒုတိယသမ္မတ သီဟသူရ ဦးတင်အောင်မြင့်ဦးသည် မြန်မာနိုင်ငံတွင် ရောက်ရှိနေသော အမေရိကန် ပြည်ထောင်စု အထက်လွှတ်တော်အမတ် မစ္စတာဂျွန်မက်ကိန်းနှင့်အဖွဲ့အား နေပြည်တော်ရှိ နိုင်ငံတော်သမ္မတရုံး ဧည့်ခန်းမဆောင်၌ ဇွန် ၁ ရက်က လက်ခံတွေ့ဆုံခဲ့သည်။

ယင်းသို့တွေ့ဆုံရာတွင် ဒုတိယသမ္မတ သီဟသူရဦးတင်အောင်မြင့်ဦး က **"မိမိတို့အနေဖြင့် နိုင်ငံတကာဆက်ဆံရေးတွင် နိုင်ငံ၊ လူမျိုး ခွဲခြားမှု မရှိဘဲ မည်သည့်နိုင်ငံနှင့်မဆို ဆက်ဆံရေး တိုးတက်ကောင်းမွန်အောင် ကြိုးပမ်းဆောင်ရွက်လျက်ရှိပါကြောင်း၊ နှစ်နိုင်ငံဆက်ဆံရေးတွင် နှစ်ဦး နှစ်ဖက် အကျိုးစီးပွားကို ရှေးရှု၍ အကျိုးရှိနိုင်မည်ဆိုပါက မည်သည့် နိုင်ငံနှင့်မဆို ပူးပေါင်းဆောင်ရွက်သွားမည်သာ ဖြစ်ပါကြောင်း"** ဆွေးနွေး ပြောကြားသည်။

အမေရိကန်ပြည်ထောင်စု အထက်လွှတ်တော်အမတ် မစ္စတာ ဂျွန်မက်ကိန်းကလည်း **"မြန်မာနိုင်ငံသည် မှန်ကန်သည့်လမ်းကြောင်းအပေါ်တွင် ရောက်ရှိနေပြီဖြစ်သည်ဟု မိမိယုံကြည်လက်ခံပါကြောင်း၊ အမေရိကန် သို့ ပြန်ရောက်သည့်အခါ အမေရိကန်အစိုးရနှင့် လုပ်ဖော်ကိုင်ဖက်များ အား မြန်မာနိုင်ငံနှင့် စတင်ဆွေးနွေးရန် လိုအပ်နေပြီဖြစ်သည်ကို အသိပေးပြောကြားသွားမည် ဖြစ်ပါကြောင်း"** ပြန်လည် ဆွေးနွေးခဲ့ သည်။

မြန်မာနှင့် အမေရိကန်တို့သည် မြန်မာနိုင်ငံလွတ်လပ်ရေးရပြီးချိန်က ပင် ဆက်ဆံရေးကောင်းမွန်ခဲ့သည်။ နှစ်နိုင်ငံ ပူးပေါင်းဆောင်ရွက်မှုများ၊ ကူညီပံ့ပိုးမှုများ များစွာရှိခဲ့သည်။ ဝါဒသဘောထားချင်း မတူညီသော မြန်မာ့ဆိုရှယ်လစ်လမ်းစဉ်ပါတီခေတ်မှာပင် အမေရိကန်တို့အနေဖြင့် မြန်မာနိုင်ငံနှင့် ပူးပေါင်းဆောင်ရွက်မှုများ အစဉ်တစိုက်ရှိခဲ့သည်ကို တွေ့ရ သည်။

ယနေ့ကာလတွင် မြန်မာနိုင်ငံသည် ဒီမိုကရေစီလမ်းကြောင်းပေါ်သို့ ချဉ်းနင်းဝင်ရောက် စတင်လျှောက်လှမ်းနေပြီ။ ဒီမိုကရေစီနိုင်ငံတော် အဖြစ် တည်ဆောက်နေပြီ။ ပြည်တွင်း ဒီမိုကရေစီကျင့်သုံးမှုကို စတင် ဆောင်ရွက်နေပြီ။ ဒီမိုကရေစီစနစ်ကို စတင်ကျင့်သုံးရာတွင် ချောမော အောင်မြင်စွာ ကူးပြောင်းနိုင်ရေး ကြိုးပမ်းဖော်ဆောင်နေဆဲ ဖြစ်သည်။ မည်သို့ပင်ဆိုစေ မြန်မာနှင့် အမေရိကန်တို့သည် မူဝါဒစနစ် လမ်းကြောင်း တစ်ခုတည်းပေါ်တွင် ရောက်ရှိလျက်ရှိရာ ပိုမိုနီးကပ်မှု ရှိနေပြီဖြစ်သည်။

မြန်မာနိုင်ငံသည် ဒေသတွင်းနိုင်ငံများ၊ အာဆီယံနိုင်ငံများ၊ ကမ္ဘာ့ နိုင်ငံများနှင့် ရင်းနှီးစွာ ဆက်ဆံဆောင်ရွက်လျက်ရှိသည်။ ကုလသမဂ္ဂနှင့် လည်း အလေးထားပူးပေါင်းဆောင်ရွက်နေပြီဖြစ်သည်။ နိုင်ငံခြားရေးမူဝါဒ အနေဖြင့် လွတ်လပ်၍တက်ကြွသော ဘက်မလိုက်သည့်မူဝါဒကို ဆက် လက်ကျင့်သုံးမည်ဖြစ်သည်။

မြန်မာနိုင်ငံအနေဖြင့် ငြိမ်းချမ်းစွာ အတူယှဉ်တွဲနေထိုင်ရေး မူကြီး (၅)ချက်နှင့်အညီ နိုင်ငံအားလုံးနှင့် ချစ်ကြည်ရင်းနှီးစွာ ဆက်ဆံလျက်ရှိရာ အစဉ်အလာအရ နှစ်နိုင်ငံပူးပေါင်းဆောင်ရွက်မှု များစွာရှိခဲ့သည့် မြန်မာ နှင့် အမေရိကန်တို့သည် ပူးပေါင်းဆောင်ရွက်ရေး၊ ဆက်ဆံမှုတိုးမြှင့်ရေး တို့တွင် အလားအလာကောင်းများ ဖြစ်ထွန်းနေပြီဟု ကြေးမုံက ယုံကြည်ပါ သည်။ ။

ပြည်သူ့သဘောထား
✪ ပြည်ပအားကိုး ပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
✪ နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးနှင့် နိုင်ငံတော် တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။
✪ နိုင်ငံတော်၏ ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက်နှောင့်ယှက်သော ပြည်ပနိုင်ငံများအားဆန့်ကျင်ကြ။
✪ ပြည်တွင်း ပြည်ပအဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ။

ပြည်ထောင်စုဝန်ကြီး ဦးခင်မောင်မြင့် တိုင်းဒေသကြီးနှင့်ပြည်နယ်များမှ အင်ဂျင်နီယာမှူးကြီးများ၊ ဒုတိယအင်ဂျင်နီယာမှူးကြီးများနှင့် တွေ့ဆုံညှိနှိုင်းအစည်းအဝေးသို့ တက်ရောက်

နေပြည်တော် ဇွန် ၃

ဆောက်လုပ်ရေးဝန်ကြီးဌာန ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်း တိုင်းဒေသကြီးနှင့် ပြည်နယ်များမှ လမ်း၊ တံတား၊ လေယာဉ်ကွင်း၊ အဆောက်အအုံ စီမံကိန်းအထူးအဖွဲ့များမှ အင်ဂျင်နီယာမှူးကြီးများ၊ ဒုတိယအင်ဂျင်နီယာမှူးကြီးများနှင့် တွေ့ဆုံညှိနှိုင်းအစည်းအဝေးကို ယမန်နေ့ နံနက် ၉ နာရီတွင် နေပြည်တော် ဆောက်လုပ်ရေးဝန်ကြီးဌာန အစည်းအဝေးခန်းမဆောင်၌ ကျင်းပသည်။

ရှေးဦးစွာ ဆောက်လုပ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးခင်မောင်မြင့်က မိမိတို့နယ်မြေအလိုက် လုပ်ငန်းများ ဆောင်ရွက်ရာတွင် တိုင်းဒေသကြီး/ပြည်နယ် အစိုးရအဖွဲ့များနှင့် ညှိနှိုင်း ဆောင်ရွက်ရန်၊ ဝန်ကြီးဌာန၏ လုပ်ငန်းများ တိုးတက်ကောင်းမွန်အောင် အထူး ကြိုးစားဆောင်ရွက်ရန်၊ ဆောက်လုပ်ရေးဝန်ကြီးဌာနက တာဝန်ယူဆောင်ရွက်နေသောလမ်းများ၊ B.O.T စနစ်ဖြင့် ဆောင်ရွက်နေသော လမ်းများ တိုးတက်ကောင်းမွန်ရေး၊ မိုးရာသီ လမ်းများသွားလာနိုင်ရေးနှင့် မိုးရာသီလမ်းများပျက်စီးမှုနည်းပြီး ပြတ်တောက်မှု မရှိစေရေးတို့အတွက် နယ်မြေအလိုက် အင်ဂျင်နီယာမှူးကြီး များက ကြီးကြပ်ဆောင်ရွက်ရန် စသည် ဖြင့် မှာကြားသည်။

ဆောက်လုပ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးခင်မောင်မြင့် ဆောက်လုပ်ရေးဝန်ကြီးဌာန ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်း တိုင်းဒေသကြီးနှင့်ပြည်နယ်များမှ လမ်း၊ တံတား၊ လေယာဉ်ကွင်း၊ အဆောက်အအုံ စီမံကိန်း အထူးအဖွဲ့များမှ အင်ဂျင်နီယာမှူးကြီးများ၊ ဒုတိယအင်ဂျင်နီယာမှူးကြီးများနှင့် တွေ့ဆုံညှိနှိုင်းအစည်းအဝေးတွင် အမှာစကား ပြောကြားစဉ်။ (သတင်းစဉ်)

ဆက်လက်၍ ဒုတိယဝန်ကြီးများ ဖြစ်ကြသော ဦးစိုးတင့်နှင့် ဦးကျော်လွင်တို့က လုပ်ငန်းဆိုင်ရာများကို မှာကြားကြပြီး ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်း ဦးဆောင်ညွှန်ကြားရေးမှူး ဦးကျော်လင်းနှင့် ဌာနဆိုင်ရာ အကြီးအကဲများက လုပ်ငန်းများဆောင်ရွက်ရာတွင် လိုက်နာဆောင်ရွက်ရမည့် စည်းမျဉ်း၊ စည်းကမ်းများ၊ လုပ်ထုံးလုပ်နည်းများ၊ နည်းဥပဒေများ၊ ဘဏ္ဍာရေးစည်းမျဉ်းစည်းကမ်းများနှင့် ဝန်ထမ်းအင်အား ဖွဲ့စည်းပုံတို့နှင့် စပ်လျဉ်း၍ ရှင်းလင်းတင်ပြကြသည်။

ယင်းနောက် တိုင်းဒေသကြီးနှင့် ပြည်နယ်အင်ဂျင်နီယာမှူးကြီးများက မိမိတို့ တိုင်းဒေသကြီးနှင့် ပြည်နယ် အတွင်းရှိ လမ်း၊ တံတား၊ လေယာဉ်ကွင်း၊ အဆောက်အအုံ ဆောက်လုပ်ရေး လုပ်ငန်းများ ဆောင်ရွက်နေမှု အခြေ အနေနှင့် ဆက်လက်ဆောင်ရွက်မည့် လုပ်ငန်းအစီအစဉ်များကို ရှင်းလင်း တင်ပြခဲ့ကြကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

ပန်းချီ၊ ကာတွန်း၊ ပိုစတာနှင့် ကွန်ပျူတာပန်းချီ/ ပိုစတာပြိုင်ပွဲကျင်းပ

မြစ်ကြီးနား ဇွန် ၃

အပြည်ပြည်ဆိုင်ရာ မူးယစ်ဆေးဝါး အလွဲသုံးမှုနှင့် တရားမဝင်ရောင်းဝယ်မှု တိုက်ဖျက်ရေးနေ့ အထိမ်းအမှတ် (၁၄) ကြိမ်မြောက် ပန်းချီ၊ ကာတွန်း၊ ပိုစတာနှင့် ကွန်ပျူတာပန်းချီ/ပိုစတာပြိုင်ပွဲကို မေ ၂၉ ရက် နံနက် ၉နာရီက မြစ်ကြီးနားမြို့ ကွန်ပျူတာတက္ကသိုလ်၌ ကျင်းပသည်။

အဆိုပါပြိုင်ပွဲသို့ တက်ရောက်လာကြသော ကချင်ပြည်နယ် ရဲတပ်ဖွဲ့မှူး ရဲမှူးကြီးမြင့်လွင်နှင့် ဌာနဆိုင်ရာမှ တာဝန်ရှိသူများသည် ပြိုင်ပွဲဝင်ကလေးများအား လိုက်လံကြည့်ရှုအားပေးစကား ပြောကြားခဲ့သည်။ **(ယာပုံ)** အဆိုပါပြိုင်ပွဲ အချိန်မှာ ၃ နာရီဖြစ်ပြီး ဝင်ရောက်ယှဉ်ပြိုင်သော ကျောင်းသား၊ ကျောင်းသူများမှာ ပန်းချီ၊ ကာတွန်း၊ ပိုစတာပြိုင်ပွဲတွင် ၆၀၊ ကွန်ပျူ တာပန်းချီ/ပိုစတာ ပြိုင်ပွဲတွင် ရှစ်ဦး စုစုပေါင်း ၆၈ ဦး ဖြစ်ကြောင်း သိရသည်။(ပြည်နယ်ပြန်/ဆက်)

အထက(၂)ကျောက်ဆည် ပဥ္စမအကြိမ်မြောက် အာစရိယပူဇော်ပွဲ ကျင်းပမည်

နေပြည်တော် ဇွန် ၃

ကျောက်ဆည်မြို့ အမှတ်(၂)အခြေခံပညာအထက်တန်းကျောင်းမှ ကျောင်းသား၊ ကျောင်းသူဟောင်းများ၏ ပဥ္စမအကြိမ်မြောက် အာစရိယပူဇော်ပွဲကို ဩဂုတ် ၇ ရက် နံနက် ၉ နာရီတွင် အဆိုပါ ကျောင်းခန်းမဆောင်၌ ကျင်းပမည်ဖြစ်ရာ ကန်တော့ခံဆရာကြီး၊ ဆရာမကြီးများနှင့် ကျောင်းသား၊ ကျောင်းသူဟောင်းများ မပျက်မကွက်တက်ရောက်ကြပါရန်နှင့် အလှူငွေများနှင့် ကန်တော့ပစ္စည်းများကို ဦးသန်းစိုးမြင့် ဖုန်း-၀၉-၂၁၅၀၁၀၃၊၀၂-၂၄၉၆၃၊ ဦးခင်ကျော် ဖုန်း-၀၆၆-၅၀၀၁၄၊ ဦးခင်ဇော် ဖုန်း-၀၉-၂၁၅၀၅၉၈၊ ဦးကိုကိုထွေး ဖုန်း-၀၆၆-၅၀၀၉၆၊ ဦးသန်းငွေ ဖုန်း-၀၉-၅၁၅၄၃၈၃ နှင့် ဒေါ်ငြိမ်းသန္တာမြင့် ဖုန်း- ၀၉-၉၁၀၃၁၄၆၀ တို့သို့ ဆက်သွယ်လှူဒါန်းကြရန် နှိုးဆော်ထားကြောင်း သိရသည်။ (သတင်းစဉ်)

ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းဆိုင်ရာ အသိပညာပေး ကြော်ငြာချက်

- ❖ အရှိန်ပြင်း မမောင်းရ။
- ❖ ယာဉ်ပျက်လျှင် လမ်းဘေးရွှေ့ရပ်ပါ။
- ❖ လမ်းမကြီးမှယာဉ်ကို ဦးစားပေးပါ။
- ❖ ယာဉ်တိုက်ပြီးထွက်ပြေးလျှင် ပိုအပြစ်ကြီးသည်။
- ❖ မောင်းလျှင် မတွေးနှင့် မငေးနှင့်။
- ❖ ယာဉ်ကြောဖြင့် မျက်နှာမူပြီး လမ်းလျှောက်ပါ။
- ❖ စည်းကမ်းလိုက်နာဘေးကင်းကွာ။
- ❖ စုပေါင်းကာကွယ် ယာဉ်အန္တရာယ်။

နေပြည်တော်ယာဉ်စည်းကမ်းထိန်းသိမ်းရေးကြီးကြပ်မှုကော်မတီ

မြဝတီရုပ်မြင်သံကြား အစီအစဉ်

၄-၆-၂၀၁၁ (စနေနေ့)

နံနက်ပိုင်း

၇:၀၄ ၁။ နိုင်ငံတော်သီချင်း
၇:၀၅ ၂။ တရားတော်
၇:၂၀ ၃။ ဓမ္မပူဇာတေး
၇:၂၅ ၄။ မျိုးချစ်တပ်မတော်
၇:၃၀ ၅။ မြန်မာ့ရှုခင်း
၇:၄၀ ၆။ မြန်မာသံစဉ်ချိုနားဝင်
၇:၅၀ ၇။ သာယာသီကြွေးခေတ်ဆန်းတေး
၇:၅၅ ၈။ အမျိုးသားရေးတေးကဗျာ
၈:၀၀ ၉။ မြဝတီရုပ်မြင်သံကြားသတင်း
၈:၁၀ ၁၀။ အမျိုးသားရေးတေးကဗျာ

နေ့လယ်ပိုင်း

၁၁:၁၀ ၁။ နိုင်ငံတော်သီချင်း
၁၁:၁၅ ၂။ အဖွင့်သီချင်း
၁၁:၂၀ ၃။ မျိုးချစ်တပ်မတော်
၁၁:၂၅ ၄။ ကာတွန်းအစီအစဉ် -ဘော့စ်ဘောကြယ်ပွင့်များ (အပိုင်း-၉)
၁၂:၀၀ ၅။ **ရုပ်မြင်သံကြားဇာတ်လမ်း -ဖြူစင်နွေးထွေးသော မေတ္တာအကြောင်း (လူမင်း၊ နန္ဒာလှိုင်နှင့် သရုပ်ဆောင်များ) (ဒါရိုက်တာ-စိုးကျော်ဆန်း)**
၁:၃၀ ၆။ သာယာသီကြွေးခေတ်ဆန်းတေး
၂:၀၀ ၇။ **ရသစုံလင်ရုပ်မြင်ဇာတ်လမ်း -ချစ်မျက်ရည်လေးပြယ်ပါစေ (အပိုင်း-၇၂)**

ညပိုင်း

၄:၀၇ ၁။ နိုင်ငံတော်သီချင်း
၄:၁၃ ၂။ အဖွင့်သီချင်း
၄:၁၅ ၃။ မျိုးချစ်တပ်မတော်
၄:၂၀ ၄။ ကျန်းမာကြံ့ခိုင်တို့နိုင်ငံ
၄:၃၀ ၅။ မြန်မာသံစဉ် ချိုနားဝင်
၄:၄၀ ၆။ ချစ်သူစုံတွဲတူယှဉ်နွဲ
၄:၅၀ ၇။ ကုန်သွယ်သုတ
၅:၁၀ ၈။ သာယာသီကြွေးခေတ်ဆန်းတေး
၅:၃၀ ၉။ ပျော်ရွှင်စရာသရုပ်ဆောင်ကမ္ဘာ
၆:၀၀ ၁၀။ မြဝတီရုပ်မြင်သံကြားသတင်း
၆:၁၀ ၁၁။ အမျိုးသားရေးတေးကဗျာ
၆:၁၅ ၁၂။ လျှပ်တစ်ပြက်
၆:၂၀ ၁၃။ စားဖိုဆောင်ချစ်သူ
၆:၄၀ ၁၄။ ထူးခြားဆန်းပြား ကမ္ဘာတစ်လွှား
၇:၀၀ ၁၅။ **ရသစုံလင် ရုပ်မြင်ဇာတ်လမ်း -လမင်းနေမင်း ကြယ်တစ်စင်း (အပိုင်း-၁၅)**
၈:၀၀ ၁၆။ မြဝတီရုပ်မြင်သံကြားသတင်း
၁၇။ အမျိုးသားရေးတေးကဗျာ
၁၈။ နိုင်ငံတကာသတင်း
၁၉။ မိုးလေဝသသတင်း
၂၀။ လူ့ရှင်တော်စတား
၂၁။ လျှပ်တစ်ပြက်
၂၂။ ယနေ့ညအတွက်မြဝတီ၏ တေးလက်ဆောင်
၂၃။ **ရသစုံလင်ရုပ်မြင်ဇာတ်လမ်း -ထာဝရချစ်သူ (အပိုင်း-၂၀)**
၂၄။ **ရသစုံလင်ရုပ်မြင်ဇာတ်လမ်း -အိမ်အပြန်လမ်း (အပိုင်း-၅၈)**

☆ရှေ့ဖုံးမှ

ဝိဇ္ဇာပညာနှင့် အခြားသောပညာရပ်တစ်ခုခုတွင် အောင်မြင်စွာ တီထွင်ဖန်တီး စွမ်းဆောင်နိုင်သော ပုဂ္ဂိုလ်များ၊ စာပေ၊ ယဉ်ကျေးမှု၊ အနုသုခုမ ပညာရပ်များတွင် နက်နက်နဲနဲ နှံ့စပ်ကျွမ်းကျင်သော ပုဂ္ဂိုလ်များ၊ စာပေအရာတွင် ကျမ်းကြီး ကျမ်းငယ် အသွယ်သွယ် ပြုစုရေးသားနိုင်သော ပုဂ္ဂိုလ်များ၊ နိုင်ငံတော်ငြိမ်းချမ်းရေးနှင့် ကမ္ဘာ့ငြိမ်းချမ်းရေးဆိုင်ရာကိစ္စရပ်များတွင် ထူးခြားပြောင်မြောက်စွာ ဆောင်ရွက်ခဲ့ကြသော ပြည်တွင်းပြည်ပ ပုဂ္ဂိုလ်များ၊ နိုင်ငံတော်ကာကွယ်ရေးတွင် အသက်ကို ပဓာနမထားဘဲ စွန့်စားကြိုးပမ်းဆောင်ရွက်ခဲ့ကြသော စစ်သည်တော်များနှင့် လုံခြုံရေးဆိုင်ရာတာဝန်များကို ထူးချွန်စွာ ကြိုးပမ်းဆောင်ရွက်ခဲ့ကြသော မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များအား စနစ်တကျ ရွေးချယ်စိစစ်၍ ဘွဲ့တံဆိပ်များ ချီးမြှင့်အပ်နှင်းရမည်ဖြစ်ကြောင်း။

လှူဒါန်းသွားကြရမည်

ထို့အတူ ဗုဒ္ဓဘာသာသာသနာတော်ထွန်းကားပြန့်ပွားရေးအတွက် အပတ်တကုတ် အားထုတ်ဆောင်ရွက်တော်မူနေကြသော ပြည်တွင်း၊ ပြည်ပ သံဃာတော်အရှင်သူမြတ်များ၊ သီလရှင်များ၊ လူပုဂ္ဂိုလ်များအား သာသနာရေးဆိုင်ရာ ဘွဲ့တံဆိပ်များ ဆက်ကပ် လှူဒါန်းသွားကြရမည်ဖြစ်ကြောင်း။

ဂုဏ်ထူးဆောင်ဘွဲ့၊ ဂုဏ်ထူးဆောင်တံဆိပ်များကို အမှန်တကယ် ပေးအပ်သင့် ပေးအပ်ထိုက်သူများ၊ ရသင့်ရထိုက်သူများ ရကြစေရန် သေချာစွာရွေးချယ်စိစစ်ပေးအပ်ခြင်းဖြင့် အရေအတွက် ဖောင်းပွခြင်း၊ ဘွဲ့တံဆိပ်များ၏ မူလတန်ဖိုးကျဆင်းစေခြင်းများ မဖြစ်ပေါ်စေရန် ကြပ်မတ်ဆောင်ရွက်သွားကြရမည်ဖြစ်ကြောင်း။

စိစိစစ်စစ် ဆောင်ရွက်

ဂုဏ်ထူးဆောင်ဘွဲ့၊ ဂုဏ်ထူးဆောင်တံဆိပ်ရရှိရေးအတွက် ငွေကြေးတံစိုးလက်ဆောင်များ ပေးကမ်းမှု အပါအဝင် မမှန်ကန်သောနည်းလမ်းများဖြင့် ဆောင်ရွက်မှုများ မဖြစ်ပေါ်စေရေးအတွက် တိကျမှန်ကန်စွာ ဆောင်ရွက်ကြရန် လိုအပ်ကြောင်း၊ နိုင်ငံတော်က ချီးမြှင့်သော ဘွဲ့တံဆိပ်များကို သားစဉ်မြေးဆက် ဂုဏ်ယူမြတ်နိုး တန်ဖိုးထားတတ်သော ပုဂ္ဂိုလ်မျိုးအား ချီးမြှင့်ပေးအပ်နိုင်စေရေး၊ သက်ဆိုင်ရာကဏ္ဍများအလိုက် စွမ်းဆောင်ရည်မြင့်မားသော ပုဂ္ဂိုလ်များရရှိစေရေးတို့အတွက် စိစိစစ်စစ် ဆောင်ရွက်ကြရမည်ဖြစ်ကြောင်း။

ချီးမြှင့်သည့်ဘွဲ့တံဆိပ်များအတွက် တစ်လုံးတစ်ခဲတည်း ချီးမြှင့်ငွေနှင့် လစဉ်ချီးမြှင့်ငွေများသည်လည်း ခေတ်စနစ်နှင့် လျော်ညီအပ်စပ်သော ပမာဏဖြစ်စေရန် ချိန်ဆသွားရန် လိုအပ်ကြောင်း၊ နိုင်ငံတော်အဆင့်ချီးမြှင့်သော ဂုဏ်ထူးဆောင်ဘွဲ့၊ ဂုဏ်ထူးဆောင်တံဆိပ်များဖြစ်သည်နှင့်အညီ အရည်အသွေးတန်ဖိုးမြင့်မားသော၊ ဂုဏ်ယူဖွယ်ရာစံနှုန်းများနှင့် ပြည့်ဝသောဘွဲ့၊ တံဆိပ်များ ဖြစ်စေရေးအတွက် အားလုံးဝိုင်းဝန်းဆွေးနွေး အကြံပြုသွားကြရန်ဖြစ်ကြောင်း ပြောကြားသည်။

ထို့နောက် ပြည်ထဲရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးက ဂုဏ်ထူးဆောင်ဘွဲ့များ၊ ဂုဏ်ထူးဆောင်တံဆိပ်များ ချီးမြှင့်အပ်နှင်းခြင်းဆိုင်ရာ လုပ်ငန်းစဉ်များကို ရှင်းလင်းပြောကြားပြီး ဘဏ္ဍာရေးနှင့် အခွန်ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး၊ သာသနာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး၊ ဒုတိယရှေ့နေချုပ်၊ ဒုတိယတပ်မတော်လေ့ကျင့်ရေးအရာရှိချုပ်၊ တွဲဖက်စစ်ရေးချုပ်နှင့် အစည်းအဝေးသို့ တက်ရောက်လာကြသူများက ဆွေးနွေးတင်ပြကြသည်။

ယင်းနောက် ဒုတိယသမ္မတ ဒေါက်တာစိုင်းမောက်ခမ်းက ယခုဆွေးနွေးတင်ပြချက်များအတိုင်း ဘွဲ့၊ တံဆိပ်များ ချီးမြှင့်အပ်နှင်းရန် စိစစ်ရေးအဖွဲ့ဝင်များအနေဖြင့် သတ်မှတ်လုပ်ထုံးလုပ်နည်းများ၊ စည်းမျဉ်း စည်းကမ်းများနှင့်အညီ တိတိကျကျ လိုက်နာဆောင်ရွက်သွားကြရန်ဖြစ်ကြောင်း။

နိုင်ငံတော်က ချီးမြှင့်မည့် တစ်လုံးတစ်ခဲတည်း ချီးမြှင့်ငွေနှင့် လစဉ်ချီးမြှင့်ငွေများသည် ဘွဲ့တံဆိပ်များ၏ ဂုဏ်သိက္ခာနှင့် ထိုက်တန်ပြီး သင့်လျော်ကိုက်ညီသည့် ပမာဏဖြစ်စေရန် လိုအပ်သကဲ့သို့ နိုင်ငံတော်အတွက် ဝန်ထုပ်ဝန်ပိုးမဖြစ်စေရန် စိစစ်ဆောင်ရွက်သွားရမည်ဖြစ်ကြောင်းဖြင့် နိဂုံးချုပ်ပြောကြားသည်။ (သတင်းစဉ်)

ဘဏ္ဍာရေးနှင့် အခွန်ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးလှထွန်း ဆွေးနွေးတင်ပြစဉ်။ (သတင်းစဉ်)

ဒုတိယအကြိမ် မြန်မာ့စားသောက်ကုန် ကုန်စည်ပြပွဲ ဖွင့်ပွဲအခမ်းအနားများ ကျင်းပ

ရန်ကုန် ဇွန် ၃

မြန်မာနိုင်ငံမှ ထုတ်လုပ်သည့် စားသောက်ကုန်ပစ္စည်းများကို တစ်နေရာတည်း၊ တစုတစည်းတည်း ကြည့်ရှုလေ့လာနိုင်စေရန်၊ လုပ်ငန်းရှင်များ အချင်းချင်း စီးပွားရေးလုပ်ငန်းများ ချိတ်ဆက်ဆက်သွယ် လုပ်ကိုင်နိုင်မည့် အခွင့်အလမ်းများရရှိစေရန်၊ ပြည်တွင်းပြည်ပ ဈေးကွက်များ ချဲ့ထွင်လုပ်ကိုင်နိုင်စေရန်၊ စားသောက်ကုန် ထုတ်လုပ်မှုနည်းပညာအဆင့်အတန်း ပိုမိုတိုးတက်မြင့်မားလာစေရန်နှင့် ဘေးဥပဒ်အန္တရာယ်ကင်းရှင်းပြီး သတ်မှတ်စံချိန်စံညွှန်းများနှင့် ကိုက်ညီသည့် အရည်အသွေးကောင်း စားသောက်ကုန်များ ထုတ်လုပ်လာစေရန် စသည့်ရည်ရွယ်ချက်များဖြင့် ကျင်းပသည့် ဒုတိယအကြိမ် မြန်မာ့စားသောက်ကုန် ကုန်စည်ပြပွဲ ဖွင့်ပွဲအခမ်းအနားကို ယနေ့နံနက် ၉နာရီတွင် ဒဂုံမြို့နယ် ဦးဝိစာရလမ်းရှိ တပ်မတော်ခန်းမ၌ ကျင်းပရာ ရန်ကုန်တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးမြင့်ဆွေ တက်ရောက်အားပေးချီးမြှင့်သည်။

ရှေးဦးစွာ မြန်မာနိုင်ငံစိုက်ပျိုးရေးအခြေခံစားသောက်ကုန်ထုတ်လုပ်တင်ပို့ရောင်းချသူများအသင်း ဥက္ကဋ္ဌ ဦးဇော်မင်းဝင်းက ကြိုဆိုနှုတ်ခွန်းဆက်စကားပြောကြားပြီး စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာပွင့်ဆန်း၊ ရန်ကုန်တိုင်းဒေသကြီး လယ်ယာ/စီးပွား/ကူးသန်းနှင့် အလုပ်သမားဝန်ကြီးဌာန ဝန်ကြီး ဦးစိုးမင်း၊ ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်းချုပ်ဥက္ကဋ္ဌ ဦးဝင်းအောင်နှင့် မြန်မာနိုင်ငံ စိုက်ပျိုးရေးအခြေခံစားသောက်ကုန် ထုတ်လုပ်တင်ပို့ ရောင်းချသူများအသင်း ဥက္ကဋ္ဌ ဦးဇော်မင်းဝင်းတို့က ပြပွဲကို ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကြသည်။

ကြည့်ရှုအားပေး

ထို့နောက် တိုင်းဒေသကြီး ဝန်ကြီးချုပ်၊ ဒုတိယဝန်ကြီးနှင့်အဖွဲ့ဝင်များ၊ ဧည့်သည်တော်များသည် ပြပွဲခန်းမအတွင်း လှည့်လည်ကြည့်ရှုအားပေးခဲ့ကြကြောင်းနှင့် ပြပွဲတွင် ကုမ္ပဏီ ၇၆ ခုမှ ဆိုင်ခန်းပေါင်း ၁၂၅ ခန်း ဖွင့်လှစ်ပြသထားပြီး ဇွန် ၃ ရက်မှ ၅ရက်အထိ သုံးရက်ကြာ ဖွင့်လှစ်ပြသသွားမည်ဖြစ်ကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

ပုသိမ်ခရိုင် ငပုတောမြို့နယ်အတွင်း ဧရာဝတီတိုင်းဒေသကြီးဝန်ကြီးချုပ် ကြည့်ရှုစစ်ဆေး

နေပြည်တော် ဇွန် ၃

ဧရာဝတီတိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးသိန်းအောင်သည် ယမန်နေ့ နံနက်ပိုင်းတွင် ငပုတောမြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန အစည်းအဝေးခန်းမ၌ မြို့နယ်အဆင့် ဌာနဆိုင်ရာများ၊ မြို့မိမြို့ဖများ၊ လူမှုရေးအသင်းအဖွဲ့များ၊ ဒေသခံပြည်သူများနှင့်တွေ့ဆုံ၍ ငပုတောမြို့နယ် ပြည်သူ့ဆေးရုံဆေးပဒေသာပင်အတွက် မြို့မိမြို့ဖ ဒေါ်ဝင်းကြည် ကိုယ်စား ဦးကြည်မြင့် လှူဒါန်းသော အလှူငွေကျပ်သိန်း ၁၀၀ ကို လက်ခံသည်။

ဆွေးနွေးမှာကြား

ထို့နောက် ငပုတောမြို့နယ် (၂၅) ခုတင်ဆံ့ ပြည်သူ့ဆေးရုံသို့ ရောက်ရှိပြီး ဆေးကုသမှု ခံယူနေကြသော လူနာများအား တွေ့ဆုံအားပေး၍ အလှူငွေနှင့် ထောက်ပံ့ပစ္စည်းများပေးအပ်ကာ ဆေးရုံအတွင်း လှည့်လည်ကြည့်ရှုစစ်ဆေးပြီး ဆေးရုံဆေးပဒေသာပင်အတွက် အလှူငွေကျပ်တစ်သိန်းပေးအပ်လှူဒါန်းခဲ့သည်။

ယင်းနောက် တိုင်းဒေသကြီး ဝန်ကြီးချုပ်သည် မွန်းလွဲပိုင်းတွင် ပုသိမ်-ငပုတောလမ်းရှိ ဖျံရေကျော်တံတား တည်ဆောက်ရေးလုပ်ငန်းခွင်၌ တံတားဘိုးပိုင်ရိုက်နေမှုကို ကြည့်ရှုစစ်ဆေးပြီး ငပုတောမြို့နယ် ဖျံရေကျော်ကျေးရွာအုပ်စု၌ ကျွန်းရွှေဝါ လယ်ယာကုန်ထုတ်အသင်း ဖွဲ့စည်းဆောင်ရွက်ထားရှိမှုနှင့် စပ်လျဉ်း၍ လယ်ယာကုန်ထုတ်လုပ်ငန်းတိုးတက်ရေး ဆွေးနွေးမှာကြားသည်။

လှူဒါန်း

ထို့နောက် ဖျံရေကျော်ကျေးရွာအုပ်စု အခြေခံပညာမူလတန်းလွန်ကျောင်းသို့ ရောက်ရှိပြီး ဆောက်လုပ်ဆဲ စာသင်ဆောင်အတွက် ဘိလပ်မြေဝယ်ယူရန် အလှူငွေကျပ်သုံးသိန်းကို လှူဒါန်းခဲ့ကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

ကြည့်ရှုအားပေး

ရန်ကုန်တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးမြင့်ဆွေ ဒုတိယအကြိမ် မြန်မာ့စားသောက်ကုန် ကုန်စည်ပြပွဲခန်းမအတွင်း ကြည့်ရှုအားပေးစဉ်။

(သတင်းစဉ်)

ဧရာဝတီတိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးသိန်းအောင် ငပုတောမြို့နယ် ပုသိမ်-ငပုတောလမ်းရှိ ဖျံရေကျော် တံတားတည်ဆောက်ရေးလုပ်ငန်းခွင်၌ ကြည့်ရှုစစ်ဆေးစဉ်။

(သတင်းစဉ်)

အမေရိကန်ဒေါ်လာနှင့် နိုင်ငံတကာငွေကြေးများလဲလှယ်နှုန်း

၃-၆-၂၀၁၁

ငွေကြေးစနစ်	တစ်ဒေါ်လာလျှင်ယူနစ်	တစ်ယူနစ်လျှင်ဒေါ်လာ
ထိုင်း (ဘတ်)	၃၀. ၃၂၅၀	၀. ၀၃၂၉၈
တရုတ် (ယွမ်)	၆. ၄၈၀၅၀	၀. ၁၅၄၃၁
အိန္ဒိယ (ရူပီး)	၄၄. ၈၀၅၀	၀. ၀၂၂၃၂
မလေးရှား (ရင်းဂစ်)	၃. ၀၀၈၄၆	၀. ၃၃၂၄၀
စင်ကာပူ (ဒေါ်လာ)	၁. ၂၃၅၆၃	၀. ၈၀၉၃၀
ဂျပန် (ယန်း)	၈၀. ၂၅၆၀	၀. ၀၁၄၆၆
တောင်ကိုရီးယား(ဝမ်)	၁၀၈၂. ၁၈	၀. ၀၀၀၉၂
ယူရို	၀. ၆၉၁၄၃	၁. ၄၄၆၂၇
ဗြိတိသျှ (ပေါင်)	၀. ၆၁၃၃၁	၁. ၆၃၀၄၉

အင်တာနက်။

မြန်မာ့စိုက်ပျိုးရေးလုပ်ငန်းအငြိမ်းစားဝန်ထမ်းများ ဒုတိယအကြိမ် သက်ကြီးပူဇော်ပွဲကျင်းပ

နေပြည်တော် ဇွန် ၃

မြန်မာ့စိုက်ပျိုးရေးလုပ်ငန်းမှ အသက် (၇၅)နှစ်အထက် အငြိမ်းစားဝန်ထမ်း ၈၈ ဦးအား ဒုတိယအကြိမ် သက်ကြီးပူဇော်ပွဲ အခမ်းအနားကို မေ ၂၇ ရက် နံနက် ၁၀ နာရီတွင် ရန်ကုန်မြို့ အင်းစိန်မြို့နယ် ကြို့ကုန်းရှိ မြန်မာ့စိုက်ပျိုးရေးလုပ်ငန်း ခန်းမဆောင်၌ ကျင်းပရာ လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးအုန်းသန်းနှင့် အငြိမ်းစားဝန်ထမ်းများ၊ ဝန်ထမ်းမိသားစုများ တက်ရောက်ကြသည်။

အဆိုပါ အခမ်းအနားကို နှစ်စဉ်ကျင်းပသွားရန်နှင့် အငြိမ်းစားဝန်ထမ်းဟောင်းများ၏ လူမှုရေး၊ သာရေး၊ နာရေးကိစ္စများ ကူညီပံ့ပိုးနိုင်ရန် စိုက်ပျိုးရေးဝန်ထမ်းဟောင်းများအဖွဲ့ကို ဖွဲ့စည်းခဲ့ပြီး ဗဟန်းမြို့နယ် စိုက်ပျိုးရေးပြတိုက်၌ ဖွင့်လှစ်ထားရှိကြောင်း သိရှိရသည်။ (သတင်းစဉ်)

ဒေသန္တရ သားဖွားခန်းလှူဒါန်း

ရန်ကုန် ဇွန် ၃

ရန်ကုန်မြောက်ပိုင်းခရိုင် လှိုင်သာယာမြို့နယ် ဒေသန္တရကျန်းမာရေးဌာနခွဲ၏ သားဖွားခန်း အဆောက်အအုံသစ် လှူဒါန်းခြင်းကို မေ ၂၃ ရက် နံနက်ပိုင်းက အဆိုပါ ကျန်းမာရေးဌာနအဆောက်အအုံ၌ ကျင်းပသည်။

အခမ်းအနားတွင် အလှူရှင်ကိုယ်စား ဂျပန်နိုင်ငံမှ Professor Shigeru O Kada က လှူဒါန်းရခြင်းအကြောင်းကို ရှင်းလင်းပြောကြားပြီး အဆောက်အအုံဆိုင်ရာ စာရွက်စာတမ်းများကို တိုင်းဒေသကြီး ကျန်းမာရေးဦးစီးဌာန တိုင်းဒေသကြီးဦးစီးမှူး ဒေါက်တာလှမြင့်ထံ လွှဲပြောင်းပေးအပ်သည်။ အဆိုပါ သားဖွားခန်းအဆောက်အအုံသစ်ကို ကျန်းမာရေးဝန်ကြီးဌာနနှင့် ဂျပန်နိုင်ငံ အိုကာယားမား တက္ကသိုလ်တို့၏ ပူးပေါင်းစီစဉ်မှုဖြင့် ဂျပန်နိုင်ငံ Shimono Naika Geka ဆေးရုံ၏ ဥက္ကဋ္ဌ Dr. Kunio Shimono က ဆောက်လုပ်လှူဒါန်းခဲ့ခြင်းဖြစ်ကြောင်း သိရသည်။ (ကြေးမုံ)

သစ်တောသစ်ပင် ဒို့ချစ်ခင် အစဉ်စိုက်ပျိုး အလှတိုး

နိုင်ငံတကာသတင်းများ 　 နိုင်ငံတကာသတင်းများ 　 နိုင်ငံတကာသတင်းများ

ရုရှားလေကြောင်းပြပွဲသို့ တက်ရောက်လာသည့် အင်ဒိုနီးရှားကိုယ်စားလှယ်အဖွဲ့မှ တပ်ဖွဲ့ဝင်တစ်ဦး တိုက်လေယာဉ်တစ်စင်းကို ကြည့်ရှုလေ့လာစဉ်။ (ဓာတ်ပုံ-အင်တာနက်)

၂၀၁၂ ခုနှစ်အတွက် အင်ဒိုနီးရှားကာကွယ်ရေးအသုံးစရိတ် အဆိုပြု

ဂျကာတာ 　 ဇွန် 　 ၃

အင်ဒိုနီးရှားနိုင်ငံ ကာကွယ်ရေးဝန်ကြီးဌာနအတွက် ၂၀၁၂ ခုနှစ် ရသုံးမှန်းခြေငွေစာရင်းတွင် အင်ဒိုနီးရှား ရူပြား ထရီလီယံ ၈၀ (အမေရိကန်ဒေါ်လာ ၈ဒသမ ၅ဘီလီယံ) ခွဲဝေသတ်မှတ်ပေးရန် အစိုးရထံ အဆိုပြုတင်ပြလိုက်ကြောင်း သတင်းတွင်ဖော်ပြသည်။

အင်ဒိုနီးရှားနိုင်ငံ၏ ကာကွယ်ရေးတပ်ဖွဲ့များအတွက် လက်နက်များဝယ်ယူနိုင်ရန် ယင်းငွေကြေး၏ ၃၀ရာခိုင်နှုန်းခန့်ကို သုံးစွဲမည်ဖြစ်ကြောင်း ကာကွယ်ရေးဝန်ကြီးဌာန၏ စီမံကိန်းရေးဆွဲရေး ညွှန်ကြားရေးမှူး ဗိုလ်ချုပ်ကြီးဘွန်ဂတ်စ်စီလန်က ပြောကြားသည်။

နိုင်ငံတော်၏ ကာကွယ်ရေးအသုံးစရိတ်အတွက် လက်ရှိ ရသုံးမှန်းခြေငွေစာရင်း၌ ပြည်တွင်းအသားတင်ထုတ်လုပ်မှု တန်ဖိုး (ဂျီဒီပီ)၏ သုည ဒသမ ၆၉ ရာခိုင်နှုန်းကို အစိုးရက ခွဲဝေချထားသတ်မှတ်ပေးခဲ့သည်။ အကယ်၍ ဘတ်ဂျက်သစ်ကို အတည်ပြုမည်ဆိုပါက ကာကွယ်ရေးအသုံးစရိတ်သည် ဂျီဒီပီ၏ ၁ ဒသမ ၈ ရာခိုင်နှုန်းမှ ၂ ဒသမ ၂ရာခိုင်နှုန်းအကြား မြင့်တက်လာမည်ဖြစ်သည်။

အင်ဒိုနီးရှား ကာကွယ်ရေးဝန်ကြီးဌာနသည် လေတပ်အတွက် ထောက်လှမ်းရေးစွမ်းပကားများ မြှင့်တင်နိုင်ရန် ရေဒါများကို ပိုမိုဝယ်ယူသွားရန် စီစဉ်ထားသည်။

အင်ဒိုနီးရှားလေတပ်၌ ယခုအခါ ရေဒါ ၂၁ခုသာ ရှိသည်။ လေတပ်ထောက်လှမ်းရေး လုပ်ငန်းများကို စွမ်းအား မြှင့်တင်နိုင်ရန် ရေဒါ ၄၂ ခုအထိ လိုအပ်မည်ဖြစ်ကြောင်း ဗိုလ်ချုပ်ကြီး ဘွန်ဂတ်စ်က ပြောကြားသည်။ ယခုနှစ် တစ်နှစ်တည်းမှာပင် ရေဒါသစ်လေးခုဝယ်ယူမည်ဖြစ်ကြောင်း ၎င်းက ပြောကြားသည်။

အဆိုပါရေဒါသစ်များကို ဂျာရာပူရမြို့၊ မာနော့စ်ဝါရီမြို့နှင့် တူရယ်မြို့တို့၌ ဖြန့်ကြက်မည်ဖြစ်သည်။ ဆူလာဝေစီနှင့် ပါပူဝါကျွန်းများ၌ ရေဒါသစ်များ တပ်ဆင်ရန်လည်း စဉ်းစားလျက်ရှိသည်ဟု သတင်း၌ဖော်ပြသည်။ **အင်တာနက်။**

ဂျပန်၌ အကြီးကျယ်ဆုံး လုယက်မှုဖြစ်ပွား မသင်္ကာသူတစ်ဦးကို ရဲတပ်ဖွဲ့က ထပ်မံဖမ်းဆီး

တိုကျို 　 ဇွန် 　 ၃

ဂျပန်နိုင်ငံသမိုင်းတွင် အကြီးအကျယ်ဆုံးသော လုယက်မှုနှင့် ပတ်သက်၍ ရဲတပ်ဖွဲ့က အသက်(၃၁) နှစ်အရွယ်ရှိ အမျိုးသားတစ်ဦးကို ဇွန် ၁ ရက်က ဖမ်းဆီးလိုက်ပြီး အခြားအမျိုးသားတစ်ဦးကို ဇွန် ၃ ရက်တွင် ထပ်မံဖမ်းဆီးခဲ့ကြောင်း ဂျပန်သတင်းဌာနများက ဇွန် ၃ ရက်တွင် ရေးသားဖော်ပြသည်။

ဂျပန်နိုင်ငံ မြို့တော်တိုကျိုအနောက်ပိုင်း တာချီကာဝါမြို့၌ မေ ၁၂ ရက်က ယင်းလုယက်မှုဖြစ်ပွားခဲ့သည်။

လူနှစ်ဦးသည် တာချီကာဝါမြို့ရှိ လုံခြုံရေးကုမ္ပဏီအတွင်းသို့ ဖောက်ထွင်းဝင်ရောက်လာခဲ့ပြီး ယန်းငွေ ၆၀၄ သန်း (ဒေါ်လာခုနစ်သန်း)ကို လုယက်ယူဆောင်သွားခဲ့ကြသည်။

ငွေကြေးလုယက်မှုဖြင့် မသင်္ကာသူ ဟိုက်ဒါကီယူဘီကို တိုကျိုမြို့ ဟီနိုအရပ်ရှိ ၎င်းမိဘများ၏နေအိမ်တွင် ရဲတပ်ဖွဲ့က ဖမ်းဆီးခဲ့သည်။

မေ ၁၂ ရက် နံနက် ၃ နာရီခန့်တွင် မျက်နှာဖုံးများစည်းထားသော လူနှစ်ဦးသည် ကုမ္ပဏီရုံးအတွင်းသို့ ဖောက်ထွင်းဝင်ရောက်လာခဲ့ကြောင်း၊ ၎င်းတို့သည် လုံခြုံရေးအစောင့်တစ်ဦးကို သံပိုက်လုံးဖြင့် ရိုက်နှက်ခဲ့ပြီး ၎င်း၏ လက်များကို ကော်ပါရှိသော တိပ်ဖြင့်ကပ်ကာ မရုန်းနိုင်အောင် လုပ်ဆောင်ခဲ့ကြောင်း၊ ယင်းနောက်တွင် ငွေများထားရှိသည့် အခန်းကိုဖွင့်လှစ်နိုင်ရန် လျှို့ဝှက်သင်္ကေတစနစ်သုံးသော့၏ နံပါတ်ကို မေးမြန်းရယူခဲ့ကြောင်း ရဲတပ်ဖွဲ့က ပြောကြားသည်။

ဖောက်ထွင်းလုယက်သူနှစ်ဦးသည် ငွေများကို အိတ်ပေါင်း ၇၀ အတွင်းသို့ ထည့်သွင်းကာ ယူဆောင်သွားခဲ့ကြသည်။ ၎င်းတို့၏ ရိုက်နှက်မှုကြောင့် လုံခြုံရေးအစောင့်မှာ ပြင်းထန်စွာဒဏ်ရာရရှိခဲ့သည်။ **အင်တာနက်။**

ဗြိတိန်နိုင်ငံ ဝေလပြည်နယ် အနောက်တောင်ပိုင်း၌ ရေနံချက်စက်ရုံ သိုလှောင်ကန်ပေါက်ကွဲ၍ လေးဦးသေဆုံး

လန်ဒန် 　 ဇွန် 　 ၃

ဗြိတိန်နိုင်ငံ၌ ချက်ဗ်ရွန်ကုမ္ပဏီကပိုင်ဆိုင်သော ရေနံချက်စက်ရုံတစ်ရုံရှိ သိုလှောင်ကန်တွင် ပေါက်ကွဲမှုဖြစ်ပွားရာ အလုပ်သမားလေးဦးသေဆုံးပြီး တစ်ဦးမှာ ပြင်းထန်စွာဒဏ်ရာရရှိကြောင်း တာဝန်ရှိသူများက ဇွန် ၃ ရက်တွင် ပြောကြားသည်။

ဗြိတိန်နိုင်ငံ ဝေလပြည်နယ် အနောက်တောင်ပိုင်းရှိ ပမ်းဘရုတ်ရေနံချက်စက်ရုံ၌ ဇွန် ၂ ရက် ညနေက ပေါက်ကွဲမှုဖြစ်ပွားခဲ့သည်။ ပြုပြင်ထိန်းသိမ်းရေးလုပ်ငန်း လုပ်ကိုင်နေချိန်တွင် ပေါက်ကွဲမှုဖြစ်ပွားကြောင်း၊ ပေါက်ကွဲမှုဖြစ်ပွားရသည့် အကြောင်းရင်းကို ရှင်းလင်းစွာမသိရသေးကြောင်း ရဲတပ်ဖွဲ့က ပြောကြားသည်။

ပေါက်ကွဲမှုကြောင့် သေဆုံးသူလေးဦးနှင့် ဒဏ်ရာရရှိသူတစ်ဦးတို့မှာ ကန်ထရိုက်စာချုပ်ဖြင့် ငှားရမ်းထားသော အလုပ်သမားများဖြစ်ကြကြောင်း ရေနံချက်စက်ရုံ အထွေထွေမန်နေဂျာ ဂရက်ဟန်းဂစ်က ပြောကြားသည်။

သဘောတူညီခဲ့

အမေရိကန်နိုင်ငံ ကာလီဖိုးနီးယားပြည်နယ် အခြေစိုက် ချက်ဗ်ရွန်ကုမ္ပဏီသည် ပမ်းဘရုတ်ရေနံချက်စက်ရုံကို အမေရိကန်နိုင်ငံ တက္ကဆက်ပြည်နယ်အခြေစိုက် ဗယ်လီရိုစွမ်းအင်ကုမ္ပဏီထံရောင်းချရန် မတ်လတွင် သဘောတူညီခဲ့သည်။

အဆိုပါ သဘောတူညီချက်အရ စက်ရုံရောင်းချမှုလုပ်ငန်းကို ယခုနှစ်နှောင်းပိုင်း၌ အပြီးဆောင်ရွက်ရန်စီစဉ်ထားသည်။

ပေါက်ကွဲမှုဖြစ်ပွားခဲ့သော ရေနံသိုလှောင်ကန်အတွင်း ရေနံစိမ်းသိုလှောင်ထားခြင်းမရှိကြောင်း တာဝန်ရှိသူတစ်ဦးက ပြောကြားသည်။ **အင်တာနက်။**

ဗြိတိန်နိုင်ငံ ဝေလပြည်နယ်ရှိ ရေနံချက်စက်ရုံ၌ သိုလှောင်ကန်ပေါက်ကွဲမှုဖြစ်ပွားပြီးနောက် တွေ့ရစဉ်။ (ဓာတ်ပုံ-အင်တာနက်)

ဖနောင်းပင်မြို့ဘုရားကျောင်းတစ်ကျောင်းမှ မျောက်သောင်းကျန်းအုပ်ကို ဖမ်းဆီးဖယ်ရှားခဲ့ရ

ဖနောင်းပင် 　 ဇွန် 　 ၃

ကမ္ဘာလှည့်ခရီးသည်များ ဆိုးသွမ်းတိရစ္ဆာန်များ၏ ကိုက်ခဲတိုက်ခိုက်ခံရမှုများဖြစ်ပွားခဲ့ပြီးနောက် ယင်းတိရစ္ဆာန်များအား နှိမ်နင်းသည့်အနေဖြင့် ကမ္ဘောဒီးယားနိုင်ငံ ဖနောင်းပင်မြို့တော် ဘုရားကျောင်းတစ်ကျောင်းရှိ ဆိုးသွမ်း မျောက်အုပ်တစ်အုပ်ကို ဖမ်းဆီးဖယ်ရှားခဲ့ကြောင်း တိရစ္ဆာန်ရုံတာဝန်ရှိသူတစ်ဦးက သောကြာနေ့တွင် ပြောကြားသည်။

ဝပ်ဖနောင်စေတီဝန်းကျင်၌ကျက်စားနေသော ဆိုးသွမ်းမျောက်အုပ်တစ်အုပ်ကို ဖယ်ရှားပေးရန် ဖနောင်းပင်မြို့တော် အာဏာပိုင်များက မိမိတို့အားတောင်းဆိုခဲ့ကြောင်း ဖနောင်တာမိုတိရစ္ဆာန်ဥယျာဉ်နှင့် ကယ်ဆယ်ရေးဌာန တာဝန်ရှိသူတစ်ဦးက ဆိုသည်။

ပစ်ခတ်ဖမ်းဆီး

တိရစ္ဆာန်ဆေးဘက်ဆိုင်ရာကျွမ်းကျင်သူများကဝပ်ဖနောင်စေတီဝန်းကျင်၌ သောင်းကျန်းနေသော မာကာကေးမျောက် ၁၃ကောင်ကို မေ့ဆေးသေနတ်ဖြင့် ပစ်ခတ်ဖမ်းဆီးခဲ့ကြောင်း သတင်းတွင် ဖော်ပြထားသည်။

ဝပ်ဖနောင်စေတီဝန်းကျင်၌ လူနှင့်ယဉ်ပါးစရှိသော မျောက်ကောင်ရေ ၂၀၀ ခန့်ရှိပြီး ယင်းမျောက်များသည် အနီးဝန်းကျင်ရှိ နေအိမ်များ၊ ဟိုတယ်များသို့ဝင်ရောက်ကာ မွှေနှောက်ဖျက်ဆီးလေ့ရှိသည်။

မာကာကေးမျောက်ဆိုးများကို ထောင်ချောက်ဆင်ဖမ်းဆီးရန် ကြိုးပမ်းမှု မအောင်မမြင်ဖြစ်ခဲ့ရပြီးနောက် ယင်းမျောက်များကို မျောက်ဆိုးသွမ်းအုပ်စုများအဖြစ် ကမ္ဘောဒီးယားရဲတပ်ဖွဲ့က သတ်မှတ်ခဲ့သည်။

မျောက်ဆိုးများကို ဖနောင်းပင်မြို့တော်နှင့် ဝေးရာ တုန်လီဆက်ရေကန်အနီး သစ်တောများသို့ပို့ဆောင်ပေးခြင်းသို့မဟုတ် တိရစ္ဆာန်ရုံသို့ ပို့ဆောင်ပေးခြင်းများ မပြုလုပ်မီ ရောဂါများရှိ၊ မရှိ ယင်းမျောက်များ၏ သွေးနမူနာများကို ရယူစစ်ဆေးမည်ဟု ဆိုသည်။ **အင်တာနက်။**

ကမ္ဘောဒီးယားနိုင်ငံ မွန်ဒူလ်ကီရီ သစ်တောကြိုးဝိုင်းအတွင်း ကျက်စားနေသော မျောက်များကို တွေ့ရစဉ်။ (ဓာတ်ပုံ-အင်တာနက်)

သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးလှုပ်ရှားသူများကို ဘရာဇီးအစိုးရကာကွယ်စောင့်ရှောက်ပေးမည်

ဘရာဇီးလီးယား 　 ဇွန် 　 ၃

ဘရာဇီးနိုင်ငံတွင် သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေးလှုပ်ရှားသူလေးဦး မကြာမီက လုပ်ကြံသတ်ဖြတ်ခြင်းခံခဲ့ရပြီးနောက် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးလှုပ်ရှားသူများကို အစိုးရက ကာကွယ်စောင့်ရှောက်မှုများပေးနိုင်ရန် စီစဉ်နေကြောင်း တာဝန်ရှိသူများက ပြောကြားသည်။

ဘရာဇီးလီးယား၌ အစိုးရအဖွဲ့၏ အရေးပေါ်အစည်းအဝေးကျင်းပခဲ့ပြီးနောက် အမေဇုန်သစ်တော ထိန်းသိမ်းစောင့်ရှောက်ရေးလှုပ်ရှားသူများအား လက်နက်ကိုင်တပ်ဖွဲ့ဝင်များက ကာကွယ်စောင့်ရှောက်ပေးသွားရန် ဆုံးဖြတ်လိုက်ကြောင်း ရီယိုတိုင်းမ်သတင်းစာက ရေးသားဖော်ပြသည်။

ဘရာဇီးနိုင်ငံတွင် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးလှုပ်ရှားသူများအား အကြမ်းဖက်တိုက်ခိုက်မှုဖြစ်ရပ်များ ပေါ်ပေါက်နေခြင်းအတွက် စိုးရိမ်မိကြောင်း သမ္မတရုံး ဝန်ကြီး ဂီလ်ဘာတိုကာဗယ်လ်ဟိုက ပြောကြားသည်။

သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးလှုပ်ရှားသူများအား ကာကွယ်စောင့်ရှောက်ပေးရန် ပြည်ထောင်စုအစိုးရနှင့် ပြည်နယ်အစိုးရအဖွဲ့များက ညှိနှိုင်းဆောင်ရွက်ပေးမည်ဖြစ်ကြောင်း ကာဗယ်လ်ဟိုကဆိုသည်။

ဘရာဇီး၌ သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးလှုပ်ရှားသူ ၁၂၅ ဦးအထိ လုပ်ကြံသတ်ဖြတ်ခံရမည်ဟု ခြိမ်းခြောက်မှုများ ပေါ်ထွက်ခဲ့သည်။

ယင်းသို့ ခြိမ်းခြောက်ခံရသူများကို ရဲတပ်ဖွဲ့က လုံခြုံရေးစောင့်ကြပ်ပေးမှု ချက်ချင်းပြုလုပ်သွားမည်ဟု တရားရေးဝန်ကြီးက ကတိပေးခဲ့သည်။

အမေဇုန်သစ်တောအတွင်း ဥပဒေမဲ့သစ်ခုတ်လှဲသူများ၊ စိုက်ပျိုးရေးနှင့် မွေးမြူရေးလုပ်ငန်း လုပ်ကိုင်နေသူများရှိနေသည်။ **အင်တာနက်။**

အားကစားဝန်ကြီးဌာနနှင့် ဟိုတယ်နှင့် ခရီးသွားလာရေးလုပ်ငန်းဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးတင့်ဆန်း အားကစားဝန်ကြီးဌာန၌ တာဝန်ထမ်းဆောင်လျက်ရှိကြသော ဝန်ထမ်းသားသမီး ကျောင်းသား၊ ကျောင်းသူများအား ပညာသင်ထောက်ပံ့ကြေး၊ ကျောင်းဝတ်စုံနှင့် ကျောင်းသုံးစာအုပ်၊ စာရေးကိရိယာများ ထောက်ပံ့ပေးအပ်ခြင်း အခမ်းအနားတွင် အမှာစကားပြောကြားစဉ်။ (သတင်းစဉ်)

အားကစားဝန်ကြီးဌာနရှိ ဝန်ထမ်းသားသမီးများအား ပညာသင်ထောက်ပံ့ကြေး၊ ကျောင်းဝတ်စုံနှင့် ကျောင်းသုံးစာအုပ်၊ စာရေးကိရိယာများ ထောက်ပံ့ပေးအပ်

နေပြည်တော် ဇွန် ၃

အားကစားဝန်ကြီးဌာန၌ တာဝန်ထမ်းဆောင်လျက်ရှိကြသော ဝန်ထမ်းသားသမီး ကျောင်းသား၊ ကျောင်းသူများအား ပညာသင်ထောက်ပံ့ကြေး၊ ကျောင်းဝတ်စုံနှင့် ကျောင်းသုံး စာအုပ်၊ စာရေးကိရိယာများ ထောက်ပံ့ပေးအပ်ခြင်းအခမ်းအနားကို ယနေ့နံနက် ၁၀ နာရီတွင် နေပြည်တော် အားကစားဝန်ကြီးဌာနရှိ စုပေါင်းခန်းမ၌ ကျင်းပရာ အားကစားဝန်ကြီးဌာနနှင့် ဟိုတယ်နှင့် ခရီးသွားလာရေးလုပ်ငန်းဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးတင့်ဆန်း တက်ရောက်အမှာစကားပြောကြားသည်။

ဆက်လက်၍ ပြည်ထောင်စုဝန်ကြီးက အားကစားဝန်ကြီးဌာန အားကစားနှင့်ကာယပညာဦးစီးဌာနအောက်ရှိ ဌာနခွဲအသီးသီးနှင့် အားကစားနှင့်ကာယပညာသိပ္ပံကျောင်းများ၊ တိုင်းဒေသကြီးနှင့် ပြည်နယ်၊ ခရိုင်၊ မြို့နယ်အားကစားနှင့် ကာယပညာဦးစီးဌာနများရှိ ဝန်ထမ်းသားသမီး ကျောင်းသား၊ ကျောင်းသူများအတွက် ပညာသင်ထောက်ပံ့ကြေးများနှင့် နေပြည်တော် အားကစားဝန်ကြီးဌာနရှိ တက္ကသိုလ်အဆင့်မှ မူလတန်းအဆင့်အထိ ကျောင်းသား၊ ကျောင်းသူများအတွက် ပညာသင်ထောက်ပံ့ကြေး၊ ကျောင်းဝတ်စုံ၊ ကျောင်းသုံးစာအုပ်နှင့် စာရေးကိရိယာများကို ထောက်ပံ့ပေးအပ်သည်။

ယနေ့ထောက်ပံ့ပေးအပ်သော ပညာသင်ထောက်ပံ့ကြေး၊ ကျောင်းဝတ်စုံ၊ ကျောင်းသုံးစာအုပ်နှင့် စာရေးကိရိယာများ၏တန်ဖိုးမှာ စုစုပေါင်း ကျောင်းသား ၁၂၈၇ ဦးအတွက် ငွေကျပ် ၁၀၉၆၀၀၀၀ ကျပ် ဖြစ်ကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

ကျိုက်ထိုမြို့နယ်တွင် မြို့နယ်လုံးကျွတ် ကျောင်းအပ်နှံရေးနေ့အခမ်းအနား ကျင်းပ

ကျိုက်ထို ဇွန် ၃

ကျိုက်ထိုမြို့နယ်တွင် မြို့နယ်လုံးကျွတ် ကျောင်းအပ်နှံရေးနေ့အခမ်းအနားကို မေ ၃ ရက် နံနက် ၁၀ နာရီက အထက(၁) ကျောင်းခန်းမ၌ ကျင်းပသည်။

အခမ်းအနားတွင် ပြည်နယ်အစိုးရအဖွဲ့ကိုယ်စား မြို့နယ်တာဝန်ခံ ဝန်ကြီး ဦးခွန်ဖေမြက အမှာစကားပြောကြားပြီး မြို့နယ်ပညာရေးမှူး ဦးမြင့်ဦးက မြို့နယ်လုံးကျွတ် ကျောင်းအပ်နှံရေးနေ့အခမ်းအနား ကျင်းပရခြင်းရည်ရွယ်ချက်ကို ရှင်းလင်းပြောကြားသည်။

ဆက်လက်၍ လှူဒါန်းပွဲကိုကျင်းပရာ ချို့တဲ့ကျောင်းသား၊ ကျောင်းသူများအတွက် ပညာရေးဌာနမှ အခမဲ့ပေးအပ်သော ပုံနှိပ်စာအုပ်များနှင့် အလှူရှင် ၁၀ ဦးတို့က လှူဒါန်းသော အလှူငွေများကို အလှူရှင်များကိုယ်စား မြို့နယ်တာဝန်ခံဝန်ကြီး ဦးခွန်မြဖေက ပေးအပ်လှူဒါန်းပြီး မြို့နယ်ပညာရေးမှူး ဦးမြင့်ဦးက လက်ခံရယူကြောင်းသိရသည်။

(မြို့နယ်ပြန်/ဆက်)

ခင်ဦးမြို့၌ ကျောင်းအပ်နှံရေးနေ့အခမ်းအနား ကျင်းပ

ရန်ကုန် ဇွန် ၃

စစ်ကိုင်းတိုင်းဒေသကြီး ခင်ဦးမြို့ အထက သီရိရတနာခန်းမ၌ ၂၀၁၁-၂၀၁၂ ပညာသင်နှစ် ကျောင်းအပ်နှံရေးနေ့ အခမ်းအနားကို မေ ၂၆ ရက် နံနက် ၁၀ နာရီက ကျင်းပရာ မြို့နယ်ပညာရေးမှူး ဦးအယ်လ်စန်တွဲက ပညာရေးရည်ရွယ်ချက်များကို လည်းကောင်း၊ ကျောင်းအုပ်ဆရာကြီး ဦးစောအောင်က ကျောင်းအပ်နှံရေးနေ့ ရက်သတ္တပတ်နှင့် စပ်လျဉ်း၍လည်းကောင်း၊ ကျောင်းအကျိုးတော်ဆောင် ဦးစိန်လင်းက လူသားအရင်းအမြစ် ဖွံ့ဖြိုးတိုးတက်ရေးကိုလည်းကောင်း ပြောကြားသည်။

အခမ်းအနားတွင် မြို့နယ်ပညာရေးမှူးက ဗလာစာအုပ်များနှင့် ကျောင်းအုပ်ဆရာကြီးက ကျောင်းသင်ခန်းစာ ပြဋ္ဌာန်းစာအုပ်များကို ကျောင်းသား၊ ကျောင်းသူများအား ပေးအပ်ခဲ့ကြောင်း သိရသည်။ (၅၇၃)

၂၀၁၁-၂၀၁၂ ပညာသင်နှစ်အတွက် ဇေယျာသီရိမြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၏ ဝန်ထမ်းသားသမီးများအား ပညာသင်ထောက်ပံ့ကြေးငွေ ပေးအပ်ပွဲကို မေ ၂၉ ရက်က မြို့နယ်ရုံး အစည်းအဝေးခန်းမ၌ ကျင်းပရာ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးမြတ်သိန်းထွန်း ကျောင်းသား၊ ကျောင်းသူ ၂၄ ဦးအတွက် ကျောင်းဝတ်စုံနှင့် ပညာသင်ထောက်ပံ့ကြေး ငွေကျပ် ၂၃၈၀၀၀ ပေးအပ်စဉ်။ (သတင်းစဉ်)

ပန်းတောင်းမြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန ပညာသင်စရိတ် ထောက်ပံ့ပေးအပ်

ပန်းတောင်း ဇွန် ၃

ပဲခူးတိုင်းဒေသကြီး ပြည်ခရိုင် ပန်းတောင်းမြို့နယ် မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန ၂၀၁၁-၂၀၁၂ ပညာသင်နှစ် ဝန်ထမ်းသားသမီးများအား ပညာသင်စရိတ်နှင့် စာရေးကိရိယာများ ထောက်ပံ့ပေးအပ်ပွဲကို ပန်းတောင်းမြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနရုံး အစည်းအဝေးခန်းမ၌ မေ ၃၁ ရက်က ကျင်းပရာ မြို့နယ်အုပ်ချုပ်ရေးမှူးနှင့် ဝန်ထမ်းများ၊ ဝန်ထမ်းသားသမီးများ တက်ရောက်ကြသည်။

အခမ်းအနားတွင် မြို့နယ်အုပ်ချုပ်ရေးမှူး ဦးမြင့်သိန်းက အမှာစကားပြောကြားပြီး ဝန်ထမ်းသားသမီး ၃၀ အတွက် ထောက်ပံ့ငွေကျပ်၂၀၇၀၀၀ ကို ပေးအပ်ရာ မြို့နယ်ဒုတိယဦးစီးမှူး ဦးကံထွန်းအောင်နှင့် အကြီးတန်းစာရေး ဦးစိုးနိုင်တို့က လက်ခံကြပြီး စာရေးကိရိယာများကို မိသားစု စည်းကမ်းထိန်းသိမ်းရေးကော်မတီ ဥက္ကဋ္ဌ ဒေါ်အုန်းမြင့်က ပေးအပ်ရာ ကျောင်းသား၊ ကျောင်းသူများက လက်ခံရယူကြောင်း သိရသည်။ (မြို့နယ်ပြန်/ဆက်)

မြဝတီခရိုင် မြဝတီမြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန ဝန်ထမ်းသားသမီးများအား ၂၀၁၁-၂၀၁၂ ခုနှစ် ပညာသင်ထောက်ပံ့ကြေးနှင့် ကျောင်းသုံးဗလာစာအုပ် ပေးအပ်ပွဲအခမ်းအနားကို မေ ၃၁ ရက်က မြို့နယ်အုပ်ချုပ်ရေးမှူးရုံး သောင်ရင်းခန်းမ၌ ကျင်းပရာ ခရိုင်အုပ်ချုပ်ရေးမှူး ဦးဇော်လွင်ဦး တက္ကသိုလ်အဆင့် ကျောင်းသားတစ်ဦးအား ပညာသင်ထောက်ပံ့ကြေးနှင့် ကျောင်းသုံးဗလာစာအုပ်များ ပေးအပ်စဉ်။ (၅၇၀)

O ကျောဖုံးမှ

လျက်ရှိသည်။ ဥရောပ၌ ဂျာမနီနိုင်ငံသည် လေစွမ်းအင်ထုတ်လုပ်ရေး တာဘိုင်စက်များထုတ်လုပ်မှု၌ ထိပ်တန်းနိုင်ငံဖြစ်သည်။

ဆိုင်နိုဗယ် လေစွမ်းအင်ထုတ်လုပ်ရေး ကုမ္ပဏီက တီထွင်ထုတ်လုပ်ထားသော လေစွမ်းအင်တာဘိုင်စက်၌ အချင်း ၁၂၈ မီတာရှိ ဒလက်ပြားများ တပ်ဆင်ထားကာ လေစုပ်ယူမှုစွမ်းအား အလွန်မြင့်မားကြောင်း တောင်ဂန်းက ပြောကြားသည်။

တရုတ်နိုင်ငံ၌ ပြည်တွင်းဖြစ် လေစွမ်းအင် တာဘိုင်စက်များကို ထုတ်လုပ်လာနိုင်ခြင်းဖြင့် နိုင်ငံတော်၏ လေစွမ်းအင် ထုတ်လုပ်ရေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်လာမည်ဖြစ်သည်။

တရုတ်နိုင်ငံ ရှန်ဟိုင်းမြို့၌ မဂ္ဂါဝပ် ၁၀၀ အထိ ထုတ်လုပ်ပေးမည့် လေစွမ်းအင် ထုတ်လုပ်ရေးစခန်းကို ၂၀၁၀ ခုနှစ် ဩဂုတ်လတွင် ဖွင့်လှစ်ခဲ့သည်။ ယင်းစခန်း၌ ဆိုင်နိုဗယ် လေစွမ်းအင် ထုတ်လုပ်ရေး ကုမ္ပဏီက ထုတ်လုပ်သော ၃ မဂ္ဂါဝပ် တာဘိုင်စက် ၃၄ လုံးကို တပ်ဆင်ခဲ့သည်။

အင်တာနက်။

ကျောင်းသားလူငယ် ကျင့်စေဖွယ်

❖ ကျောင်းသားလူငယ်၊ ကျင့်စေဖွယ်
ခြောက်သွယ်ဝတ္တရား။
❖ ဆရာကြွလာ၊ ဆီးကြိုပါ
လျင်စွာပျပ်ဝပ်တွား။
❖ ပညာကိုသင်၊ နေ့စဉ်ပင်
ပျော်ရွှင်စိတ်ကိုပွား။
❖ ကြီးငယ်ရိုသေ၊ ကျင့်ဆောင်လေ
မသွေအကျိုးများ။
❖ သင်ပြီးသောစာ၊ ပြန်ဖတ်ပါ
စိတ်မှာစွဲဆောင်ထား။
❖ ကျောင်းစည်းကမ်းတွေ၊ လိုက်နာလေ
မှန်ပေတိုးတက်ပွား။
❖ ကျန်းမာသန့်ရှင်း၊ နေထိုင်ခြင်း
လွတ်ကင်းရောဂါများ။
❖ လမ်းညွှန်ပေးဆက်၊ ဤခြောက်ချက်
လေးနက်ဒို့မှတ်သား။ ။

နှင်းမောင်(ဦးကုန်း)

အလယ်ပိုင်းဒေသများ မိုးလျော့နည်းမည်

နေပြည်တော် ဇွန် ၃

ယနေ့နံနက် ၉ နာရီခွဲထိ မိုးလေဝသတိုင်းထွာချက်အကျဉ်းချုပ်

လွန်ခဲ့သော ၂၄ နာရီအတွင်းက မကွေးတိုင်းဒေသကြီးနှင့် ကယားပြည်နယ်တို့တွင် တိမ်အသင့်အတင့်ဖြစ်ထွန်းခဲ့ပြီး စစ်ကိုင်းတိုင်းဒေသကြီးအောက်ပိုင်းနှင့် မန္တလေးတိုင်းဒေသကြီးတို့တွင် နေရာကွက်ကျား၊ စစ်ကိုင်းတိုင်းဒေသကြီးအထက်ပိုင်း၊ ကချင်ပြည်နယ်၊ ရခိုင်ပြည်နယ်နှင့် မွန်ပြည်နယ်တို့တွင်နေရာကျဲကျဲ၊ ပဲခူးတိုင်းဒေသကြီး၊ ရန်ကုန်တိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီး၊ ရှမ်းပြည်နယ်၊ ချင်းပြည်နယ်နှင့် ကရင်ပြည်နယ်တို့တွင် နေရာစိပ်စိပ်နှင့် ကျန်တိုင်းဒေသကြီးနှင့်ပြည်နယ်တို့တွင် နေရာအနှံ့အပြား မိုးထစ်ချုန်းရွာခဲ့သည်။ **မှတ်သားဖွယ်ရာ မိုးရေချိန်များမှာ** မိုးကုတ်မြို့တွင် ၂ ဒသမ ၆၈ လက်မ၊ ကော့ကရိတ်မြို့တွင် ၁ ဒသမ ၅၄ လက်မ၊ မင်းတပ်မြို့တွင် ၁ ဒသမ ၂၉လက်မနှင့် လောင်းလုံမြို့တွင် သုည ဒသမ ၈၇ လက်မတို့ ဖြစ်ကြသည်။

ဘင်္ဂလားပင်လယ်အော်အခြေအနေ။ ကပ္ပလီပင်လယ်ပြင်နှင့် ဘင်္ဂလားပင်လယ်အော် တောင်ပိုင်းတို့တွင် မုတ်သုံလေအားကောင်းနေပြီး ကျန်ဘင်္ဂလားပင်လယ်အော်တွင် မုတ်သုံလေ အားအသင့်အတင့်ရှိနေသည်။

မနက်ဖြန်ညနေအထိခန့်မှန်းချက်။ ။ ပဲခူးတိုင်းဒေသကြီး၊ ရန်ကုန်တိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီးနှင့် တနင်္သာရီတိုင်းဒေသကြီးတို့တွင် နေရာအနှံ့အပြား၊ ကချင်ပြည်နယ်၊ ရှမ်းပြည်နယ်၊ ကရင်ပြည်နယ်နှင့် မွန်ပြည်နယ်တို့တွင် နေရာစိပ်စိပ်၊ စစ်ကိုင်းတိုင်းဒေသကြီးအထက်ပိုင်း၊ ရခိုင်ပြည်နယ်နှင့် ချင်းပြည်နယ်တို့တွင် နေရာကျဲကျဲနှင့် ကျန်တိုင်းဒေသကြီးနှင့် ပြည်နယ်တို့တွင် နေရာကွက်ကျား မိုးထစ်ချုန်းရွာမည်။ ရွာရန်ရာနှုန်း ၈၀ ဖြစ်သည်။

မြန်မာ့ပင်လယ်ပြင်။ ။ မြစ်ဝကျွန်းပေါ်၊ မုတ္တမကွေ့၊ မွန်-တနင်္သာရီ ကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် တစ်ခါတစ်ရံ မိုးသက်လေပြင်းများ ကျရောက်ပြီး လှိုင်းအသင့်အတင့်မှ လှိုင်းကြီးနိုင်သည်။ မိုးသက်လေပြင်းကျစဉ် ရေပြင်မြေပြင်လေသည် တစ်နာရီလျှင် ၃၅ မိုင်အထိ တိုက်ခတ်နိုင်သည်။ ကျန်မြန်မာ့ပင်လယ်ပြင်တွင် လှိုင်းအသင့်အတင့်ရှိမည်။

နောက်နှစ်ရက်အတွက်ခန့်မှန်းချက်။ ။ မြန်မာနိုင်ငံအလယ်ပိုင်းဒေသများတွင် မိုးဆက်လက်လျော့နည်းနေမည်။

နေပြည်တော်နှင့် အနီးတစ်ဝိုက်တွင် ယနေ့ နေရာကွက်ကျား မိုးရွာမည်။ ရွာရန်ရာနှုန်း ၈၀ ဖြစ်သည်။

ရန်ကုန်မြို့ နှင့် အနီးတစ်ဝိုက်တွင် ယနေ့ မိုးတစ်ကြိမ်နှစ်ကြိမ် ရွာမည်။ ရွာရန်ရာနှုန်း ၈၀ ဖြစ်သည်။

မန္တလေးမြို့နှင့် အနီးတစ်ဝိုက်တွင် ယနေ့ နေရာကွက်ကျား မိုးရွာမည်။ ရွာရန်ရာနှုန်း ၈၀ ဖြစ်သည်။

ဇွန်လဒုတိယသီတင်းပတ်ကုန်ရက်များအတွက် ခန့်မှန်းချက်။ ရန်ကုန်တိုင်းဒေသကြီးတွင် နေရာစိပ်စိပ်နှင့် မန္တလေးတိုင်းဒေသကြီးတွင် နေရာကွက်ကျား မိုးရွာမည်။

မြန်မာကို ကမ္ဘာက သိစေပြီ

မောင်အောင်-မွေးကု

ပြင်သစ်နိုင်ငံ ပဲရစ်မြို့၌ (၇၉)ကြိမ်မြောက် ကမ္ဘာ့တိရစ္ဆာန် ကျန်းမာရေး အဖွဲ့ အထွေထွေညီလာခံတက်ရောက်နေသည့် ညွှန်ကြားရေးမှူးချုပ်ထံမှ ၂၀၁၁ ခုနှစ်အတွက် ကမ္ဘာ့တိရစ္ဆာန်ဆေးကုနေ့ လုပ်ရှားဆောင်ရွက်မှု အထိမ်းအမှတ်ဆုကို မြန်မာနိုင်ငံကရရှိကြောင်း ပေးပို့လာသည့် e-mail(အီးမေးလ်)ကို ဖတ်ရင်း ကျွန်တော် ကြက်သီးမွေးညင်းထနေမိပါသည်။ ရင်ထဲမှခံစားချက်က မည်သည့်ခံစားချက်နှင့် မတူ။ လှိုက်လှိုက်လှဲလှဲဂုဏ်ယူဝမ်းမြောက်မိနေသည်။ ကျွန်တော်တို့ မြန်မာနိုင်ငံတိရစ္ဆာန်ဆေးကုဆရာဝန်များအသင်း၏ ကြိုးပမ်းအားထုတ်မှု၊ ခွေးရူးရောဂါတိုက်ဖျက်ရေး ပူးပေါင်းဆောင်ရွက်မှုကို ကမ္ဘာ့တိရစ္ဆာန်ဆေးကုဆရာဝန်အသင်းက အသိအမှတ်ပြုချေပြီ။ မြန်မာနိုင်ငံတိရစ္ဆာန်ဆေးကုဆရာဝန်အသင်း၏ လှုပ်ရှားဆောင်ရွက်မှုများကြောင့် **"မြန်မာကို ကမ္ဘာက သိစေပြီ"**။

၂၀၀၉ ခုနှစ်က မြန်မာနိုင်ငံ တိရစ္ဆာန်ဆေးကုအရာရှိချုပ် (Chief Veterinary Officer) အဖြစ် ပြင်သစ်နိုင်ငံ ပဲရစ်မြို့တွင် ကျင်းပသည့် (၇၇)ကြိမ်မြောက် ကမ္ဘာ့တိရစ္ဆာန်ကျန်းမာရေးအဖွဲ့ အထွေထွေညီလာခံသို့ ကျွန်တော် တက်ရောက်ခွင့်ရခဲ့ပါသည်။ ညီလာခံသို့ ကမ္ဘာ့တိရစ္ဆာန်ကျန်းမာရေးအဖွဲ့အသင်းဝင်နိုင်ငံပေါင်း ၁၇၈ နိုင်ငံမှ တိရစ္ဆာန်ဆေးကုအရာရှိချုပ်များ၊ ကိုယ်စားလှယ်များ တက်ရောက်ခဲ့ကြပါသည်။ ညီလာခံဒုတိယနေ့တွင် ၂၀၀၉ခုနှစ် ကမ္ဘာ့တိရစ္ဆာန်ဆေးကုနေ့ လှုပ်ရှားဆောင်ရွက်မှု အထိမ်းအမှတ်ဆုကို ကြေညာခဲ့ရာ နီပေါနိုင်ငံမှ ပထမဆုံးအကြိမ် ရရှိသွားပါသည်။

၂၀၀၉ ခုနှစ် နိုဝင်ဘာလတွင်ကျင်းပခဲ့သည့် မြန်မာနိုင်ငံ တိရစ္ဆာန်ဆေးကုဆရာဝန်များအသင်း၏ ဧကာဒသမအကြိမ်ညီလာခံတွင် ညီလာခံတက်ရောက်လာသော တိရစ္ဆာန်ဆေးကုဆရာဝန်များ၏ ဆန္ဒမဲရွေးချယ်မှုဖြင့် မြန်မာနိုင်ငံတိရစ္ဆာန်ဆေးကုဆရာဝန်များအသင်း အလုပ်အမှုဆောင်အဖွဲ့ ၂၀၁၁-၂၀၁၂ ကို ဖွဲ့စည်းနိုင်ခဲ့ပါသည်။

ကျွန်တော်တို့ မြန်မာနိုင်ငံတိရစ္ဆာန်ဆေးကုဆရာဝန်များအသင်းကို ၁၉၇၄ခုနှစ်က စတင်ဖွဲ့စည်း တည်ထောင်ခဲ့ခြင်းဖြစ်ပါသည်။ စတင်ဖွဲ့စည်းစဉ်က ဗဟိုဦးစီးစနစ်ဖြင့် ဖွဲ့စည်းပေးခဲ့ခြင်းဖြစ်သော်လည်း ဒုတိယအကြိမ်အလုပ်အမှုဆောင်အဖွဲ့မှစ၍ တစ်နိုင်ငံလုံးရှိ တိရစ္ဆာန်ဆေးကုဆရာဝန်များ၏ မဲဆန္ဒဖြင့် ရွေးချယ်တင်မြှောက်ခြင်းဖြစ်ပါသည်။ နှစ်ပတ်လည်အစည်းအဝေးကို နှစ်စဉ်ကျင်းပပြီး သုံးနှစ်တစ်ကြိမ် ညီလာခံကျင်းပ၍ အလုပ်အမှုဆောင်အဖွဲ့ကို ရွေးချယ်တင်မြှောက်ခဲ့ပါသည်။ ၁၉၈၄ ခုနှစ်မှ ၁၉၉၇ ခုနှစ်အထိ ၁၄ နှစ်မျှ အသင်းဖွဲ့စည်းလှုပ်ရှားမှုများ ရပ်ဆိုင်းခဲ့သော်လည်း ၁၉၉၈ ခုနှစ်တွင်ကျင်းပသည့် သတ္တမအကြိမ် ညီလာခံမှစ၍ အသင်းအလုပ်အမှုဆောင်အဖွဲ့ကို ပြန်လည်ဖွဲ့စည်းခဲ့ပြီး အသင်း၏ လှုပ်ရှားဆောင်ရွက်မှုများ ဆောင်ရွက်နိုင်ခဲ့ပါသည်။

ကမ္ဘာ့တိရစ္ဆာန်ဆေးကုဆရာဝန်များအသင်းကို ၁၈၆၃ ခုနှစ်က ဂျာမနီနိုင်ငံ ဟန်းဘတ်(Hamburg)မြို့တွင် စတင်ဖွဲ့စည်းခဲ့ခြင်း ဖြစ်ပါသည်။ အသင်း၏လှုပ်ရှားဆောင်ရွက်မှုများကို ၁၉၉၇ ခုနှစ်တွင် ပိုမိုကျယ်ပြန့်စွာ ဆောင်ရွက်နိုင်ခဲ့ပါသည်။ လက်ရှိနိုင်ငံပေါင်း ၈၀ မှ တိရစ္ဆာန်ဆေးကုဆရာဝန်အသင်းများအသင်းဝင်ဖြစ်ပြီး မြန်မာနိုင်ငံတိရစ္ဆာန်ဆေးကုဆရာဝန်အသင်းသည်လည်း ယခုနှစ်တွင် အသင်းဝင်ဖြစ်ခဲ့ပါသည်။ ကမ္ဘာ့တိရစ္ဆာန်ဆေးကုဆရာဝန်များအသင်း၏ အဓိကရည်ရွယ်ချက်မှာ **"တစ်ခုတည်းသောကမ္ဘာ တစ်စုတည်းသော ကျန်းမာရေး"** (One World One Health)၊ တိရစ္ဆာန်ကျန်းမာရေး (Animal Health)၊ တိရစ္ဆာန်သက်သာချောင်ချိရေး (Animal Welfare) နှင့် ပြည်သူ့ကျန်းမာရေး (Public Health) တို့ ဖြစ်ပါသည်။ ကမ္ဘာ့တိရစ္ဆာန်ဆေးကုဆရာဝန်များအသင်းသည် ၂၀၀၀ ပြည့်နှစ်မှစ၍ နှစ်စဉ် ဧပြီလ၏ နောက်ဆုံးပတ် စနေနေ့ကို ကမ္ဘာ့တိရစ္ဆာန်ဆေးကုနေ့အဖြစ်သတ်မှတ်၍ တိရစ္ဆာန်ကျန်းမာရေး၊ ကူးစက်ရောဂါကာကွယ်ရေးနှင့် ပြည်သူ့ကျန်းမာရေးကို အလေးထားဆောင်ရွက်ခဲ့ပါသည်။

ကမ္ဘာ့တိရစ္ဆာန်ကျန်းမာရေးအဖွဲ့(OIE)နှင့် ကမ္ဘာ့တိရစ္ဆာန်ဆေးကုဆရာဝန်များအသင်းတို့ပူးပေါင်း၍ ၂၀၀၈ ခုနှစ်မှစ၍ နှစ်စဉ် ကမ္ဘာ့တိရစ္ဆာန်ဆေးကုနေ့ (World Veterinary Day)တွင် တစ်နိုင်ငံလုံးအတိုင်းအတာဖြင့် လှုပ်ရှားဆောင်ရွက်မှု အကောင်းဆုံးပြုလုပ်နိုင်ခဲ့သည့် နိုင်ငံတော်အဆင့် တိရစ္ဆာန်ဆေးကုဆရာဝန်အသင်းတစ်သင်းအား World Veterinary Day Award ချီးမြှင့်ခဲ့ရာ ၂၀၀၉ခုနှစ်တွင် နီပေါနိုင်ငံမှ ရရှိခဲ့ပြီး ၂၀၁၀ ခုနှစ်တွင် ပါကစ္စတန်နိုင်ငံမှ ရရှိခဲ့ပါသည်။ ယခု ၂၀၁၁ ခုနှစ် World Veterinary Day Award (ကမ္ဘာ့တိရစ္ဆာန်ဆေးကုနေ့ လှုပ်ရှား ဆောင်ရွက်မှုအထိမ်းအမှတ်ဆု)ကို ကျွန်တော်တို့ မြန်မာနိုင်ငံတိရစ္ဆာန်ဆေးကုဆရာဝန်များအသင်းမှ ရရှိခဲ့ခြင်းဖြစ်ပါသည်။

ကမ္ဘာ့တိရစ္ဆာန်ဆေးကုနေ့ (World Veterinary Day)၏ ၂၀၁၀ ခုနှစ် ဆောင်ပုဒ်မှာ One World One Health (တစ်ခုတည်းသောကမ္ဘာ တစ်စုတည်းသော ကျန်းမာရေး)ဖြစ်ပါသည်။

၂၀၁၀ ခုနှစ်ကလည်း ကျွန်တော်တို့ မြန်မာနိုင်ငံ တိရစ္ဆာန်ဆေးကုဆရာဝန်အသင်းသည် မွေးမြူရေးနှင့် ကုသရေးဦးစီးဌာန မြန်မာနိုင်ငံမွေးမြူရေးလုပ်ငန်းအဖွဲ့ချုပ်တို့နှင့်ပူးပေါင်း၍ တစ်နိုင်ငံလုံးရှိ ကျွဲ၊ နွားများအား ထောင့်သန်း၊ ပေါင်ပုပ် လက်ပုပ်နှင့် လည်ချောင်းကွဲကူးစက်ရောဂါ ကာကွယ်ဆေးများထိုးနှံခြင်း၊ ကြက်ငှက်တုပ်ကွေးရောဂါနှင့် ခွာနာလျှာနာရောဂါ စူးစမ်းရှာဖွေမှုများပြုလုပ်ခြင်း၊ မင်္ဂလာတောင်ညွန့်၊ လှိုင်သာယာ ကြက်ဘဲဒိုင်များတွင် ပိုးသတ်ဆေးဖျန်းခြင်းနှင့် ပညာရပ်ဆိုင်ရာဟောပြောပွဲများ ပြုလုပ်နိုင်ခဲ့ပါသည်။

ထိုလှုပ်ရှားမှုအတွက် World Veterinary Day Award ဆု မရခဲ့သော်လည်း နိုင်ငံတွင်းရှိ တိရစ္ဆာန်များကျန်းမာရေးနှင့် ပြည်သူ့ကျန်းမာရေးအတွက် တစ်စိတ်တစ်ပိုင်းအထောက်အကူဖြစ်ခဲ့ပါသည်။

၂၀၁၁ ခုနှစ် ကမ္ဘာ့တိရစ္ဆာန်ဆေးကုနေ့၏ဆောင်ပုဒ်မှာ "Vet for Health, Vet for Food, Vet for Planet" ဖြစ်ပါသည်။ ဤဆောင်ပုဒ်ကို မြန်မာဘာသာပြန်ဆိုရေးအတွက် တစ်နိုင်ငံလုံးရှိ တိရစ္ဆာန်ဆေးကု ဆရာဝန်များထံ မွေးမြူရေးနှင့် ကုသရေးဦးစီးဌာနများမှတစ်ဆင့် အကြောင်းကြားခဲ့ပါသည်။ ဝါသနာရှင်တိရစ္ဆာန်ဆေးကုဆရာဝန် ၆၀ ကျော်ပေးပို့လာသည့် ဆောင်ပုဒ်များအနက် ဒေါက်တာဝင်းခိုင်(မော်လမြိုင်)မှ ပေးပို့လာသည့် "မွေးမြူဆေးကု ကောင်းကျိုးပြု ဝပြောကျန်းမာ တို့ကမ္ဘာ" ဆောင်ပုဒ်ကို မြန်မာနိုင်ငံ တိရစ္ဆာန်ဆေးကုဆရာဝန်များအသင်း အလုပ်အမှုဆောင်အဖွဲ့က အတည်ပြုရွေးချယ်ခဲ့ပါသည်။

ယခုနှစ် ကမ္ဘာ့တိရစ္ဆာန်ဆေးကုနေ့ အဓိကဆောင်ရွက်ရမည့် လုပ်ငန်းမှာ ခွေးရူးရောဂါတိုက်ဖျက်ရေးဖြစ်ပါသည်။ ကမ္ဘာ့ကျန်းမာရေးအဖွဲ့၏ ထုတ်ပြန်ချက်အရ ကမ္ဘာတွင် ၁၀ မိနစ်လျှင် တစ်ယောက်နှုန်း ခွေးရူးရောဂါဖြစ်ပွား၍ သေဆုံးလျက်ရှိပါသည်။ နှစ်စဉ် လူ ၅၅၀၀၀ ခန့် ခွေးရူးရောဂါကြောင့် သေဆုံးရလျက်ရှိပါသည်။ သို့ဖြစ်၍ ခွေးရူးရောဂါတိုက်ဖျက်ရေး ဆောင်ရွက်ရန် ကမ္ဘာ့တိရစ္ဆာန်ဆေးကုဆရာဝန်များအသင်းကြီးက ရည်မှန်းချက်ထား၍ ဆောင်ရွက်စေခြင်းဖြစ်ပါသည်။

ကျွန်တော်တို့ မြန်မာနိုင်ငံတိရစ္ဆာန်ဆေးကုဆရာဝန်အသင်းသည် ယခုနှစ် ကမ္ဘာ့တိရစ္ဆာန်ဆေးကုနေ့အထိမ်းအမှတ် လှုပ်ရှားဆောင်ရွက်မှုများကို ဧပြီ ၂၄ ရက်မှ ၃၀ရက်အထိ **"ကမ္ဘာ့တိရစ္ဆာန်ဆေးကုနေ့ လှုပ်ရှားဆောင်ရွက်မှု ရက်သတ္တပတ်"**အဖြစ် သတ်မှတ်ဆောင်ရွက်ခဲ့ပါသည်။ ခွေးရူးရောဂါကာကွယ်ဆေး အဆ ၂၀၀၀ ကို အသင်းပိုင် ရန်ပုံငွေဖြင့် ဝယ်ယူပြီး ပြည်နယ်နှင့် တိုင်းဒေသကြီး ၁၄ ခုတို့သို့ ဖြန့်ဝေပေးရန်၊ ခွေးရူးရောဂါကာကွယ်ဆေး အခမဲ့ထိုးပေးရန်နှင့် ခွေးရူးရောဂါနှင့်ပတ်သက်သည့် ပညာပေးဟောပြောပွဲများကို တစ်နိုင်ငံလုံးတွင် ကျယ်ပြန့်စွာဆောင်ရွက်ရန် ဆွေးနွေးဆုံးဖြတ်ခဲ့ကြပါသည်။ မြန်မာနိုင်ငံ တိရစ္ဆာန်ဆေးကုဆရာဝန်များအသင်း၏ ဆုံးဖြတ်ချက်ဖြစ်သည့် ကမ္ဘာ့တိရစ္ဆာန်ကျန်းမာရေးနေ့ အထိမ်းအမှတ် လှုပ်ရှားဆောင်ရွက်မှုများကို အကောင်အထည်ဖော်ဆောင်ရွက်ရန်အသင်း၏ အချိန်ပိုင်းအလုပ်အမှုဆောင်များဖြစ်သည့် ပြည်နယ်နှင့် တိုင်းဒေသကြီး မွေးမြူရေးနှင့် ကုသရေးဦးစီးဌာနများမှတစ်ဆင့် တစ်နိုင်ငံလုံးရှိ တိရစ္ဆာန် ဆေးကုဆရာဝန်များထံ အကြောင်းကြားခဲ့ပါသည်။

တူညီသောယုံကြည်ချက်၊ မှန်ကန်သောဦးဆောင်မှုဖြင့် လှုပ်ရှားဆောင်ရွက်ခဲ့သည့် ကမ္ဘာ့တိရစ္ဆာန်ကျန်းမာရေးနေ့ လှုပ်ရှားဆောင်ရွက်မှုများသည် တစ်နိုင်ငံလုံးအတိုင်းအတာအထိ ကျယ်ကျယ်ပြန့်ပြန့်ပေါ်ထွန်းခဲ့သည်။ တစ်နိုင်ငံလုံးအတိုင်းအတာဖြင့် ဆောင်ရွက်ခဲ့ကြသည့် ခွေးရူးရောဂါ ပညာပေးဟောပြောပွဲသတင်းများ၊ ခွေးရူးရောဂါကာကွယ်ဆေးထိုးခဲ့မှု သတင်းများက မြန်မာနိုင်ငံတိရစ္ဆာန်ဆေးကုဆရာဝန်များအသင်းရုံးသို့ ရောက်ရှိလာခဲ့ပါသည်။ မြန်မာနိုင်ငံတိရစ္ဆာန်ဆေးကုဆရာဝန်များအသင်း(ဗဟို)သည်လည်း ၂၉-၄-၂၀၁၁ ရက်နေ့တွင် အင်းစိန် မွေးမြူရေးနှင့် ကုသရေးဦးစီးဌာနရုံး၌ ခွေးရူးရောဂါပညာပေးဟောပြောပွဲ ပြုလုပ်ခဲ့ပါသည်။ အင်းစိန်မြို့နယ် မွေးမြူရေးနှင့် ကုသရေးဦးစီးဌာနဆေးခန်း၌ ၃၀-၄-၂၀၁၁ ရက်နေ့တွင် ခွေးရူးရောဂါကာကွယ်ဆေး အခမဲ့ထိုးနှံပေးခဲ့ပါသည်။

အမျိုးသားရေးအသိစိတ်ဓာတ်ဖြင့် ကျင်းပသည့် ပြည်သူလူထု၏ ကျန်းမာရေးကို ခြိမ်းခြောက်လျက်ရှိသည့် ခွေးရူးရောဂါတိုက်ဖျက်ရေး ပညာပေးဟောပြောပွဲများသို့ ပြည်နယ်နှင့် တိုင်းဒေသကြီး ဝန်ကြီးများကိုယ်တိုင် တက်ရောက်ချီးမြှင့်ကြသည်ကို ကြားသိရသဖြင့် မြန်မာနိုင်ငံတိရစ္ဆာန်ဆေးကုဆရာဝန်များအသင်းကြီးမှ ဝမ်းမြောက်ဂုဏ်ယူခဲ့ပါသည်။ အားတက်ခဲ့ရပါသည်။ ကချင်ပြည်နယ်တွင် မြစ်ကြီးနား၊ ဝိုင်းမော်၊ တနိုင်း၊ မိုးညှင်း၊ မိုးကောင်း၊ ဖားကန့်၊ ဗန်းမော်၊ မိုးမောက်၊ မန်စီ၊ ရွှေကူနှင့် ပူတာအိုမြို့များ၌လည်းကောင်း၊ ကယားပြည်နယ်တွင် လွိုင်ကော်၊ ဒီမောဆို၊ ဖရူးဆိုးနှင့် ရှားတောမြို့နယ်များ၌လည်းကောင်း၊ ချင်းပြည်နယ်တွင် ဟားခါး၊ ဖလမ်းနှင့် ထန်တလန်မြို့နယ်များ၌ လည်းကောင်း၊ ရခိုင်ပြည်နယ်တွင် စစ်တွေ၊ ရသေ့တောင်၊ ပုဏ္ဏားကျွန်း၊ ကျောက်တော်၊ မြောက်ဦး၊ မင်းပြား၊ ပေါက်တော၊ မြေပုံ၊ မောင်တော၊ ဘူးသီးတောင်၊ ကျောက်ဖြူ၊ ရမ်းဗြဲ၊ မာန်အောင်၊ အမ်းနှင့် သံတွဲမြို့နယ်များ၌လည်းကောင်း ပညာပေးဟောပြောပွဲနှင့် ကာကွယ်ဆေးထိုးခြင်းများ လှုပ်ရှားဆောင်ရွက်နိုင်ခဲ့ပါသည်။ မြန်မာနိုင်ငံတိရစ္ဆာန်ဆေးကုဆရာဝန်များအသင်းကြီး၏ ခွေးရူးရောဂါတိုက်ဖျက်ရေး လှုပ်ရှားဆောင်ရွက်မှုများသည် မြန်မာနိုင်ငံ တစ်နံတစ်လျား ကချင်ပြည်နယ် ပူတာအိုမြို့မှသည် တနင်္သာရီတိုင်းဒေသကြီး ထားဝယ်၊ ရေဖြူ၊ သရက်ချောင်း၊ မြိတ်၊ ကော့သောင်းမြို့နယ်များအပြင် ခမောက်ကြီး၊ ဘုတ်ပြင်း၊ ပြည်ကြီးမဏ္ဍိုင်နှင့် ကရသူရိမြို့နယ်ခွဲများအထိပါ ပျံ့နှံ့ဆောင်ရွက်နိုင်ခဲ့ပါသည်။

မြန်မာနိုင်ငံတိရစ္ဆာန်ဆေးကုဆရာဝန်အသင်းနှင့် အသင်းဝင်ဆရာဝန်များ၏ အမျိုးသားရေးစိတ်ဓာတ်ဖြင့် ခွေးရူးရောဂါတိုက်ဖျက်ရေး လှုပ်ရှားဆောင်ရွက်မှုများကို ကမ္ဘာ့တိရစ္ဆာန်ဆေးကုဆရာဝန်အသင်းနှင့် ကမ္ဘာ့တိရစ္ဆာန်ကျန်းမာရေးအဖွဲ့တို့သို့ အချိန်နှင့်တစ်ပြေးညီ အစီရင်ခံတင်ပြခဲ့ပါသည်။ တစ်နိုင်ငံလုံးအတိုင်းအတာဖြင့် လှုပ်ရှားဆောင်ရွက်မှု မှတ်တမ်းဓာတ်ပုံများ၊ ကိန်းဂဏန်းအချက်အလက်များ ပြည့်စုံစွာ တင်ပြနိုင်သဖြင့်လည်း ကမ္ဘာ့တိရစ္ဆာန်ဆေးကုဆရာဝန်အသင်းနှင့် ကမ္ဘာ့တိရစ္ဆာန်ကျန်းမာရေးအဖွဲ့တို့က မြန်မာနိုင်ငံတိရစ္ဆာန်ဆေးကုဆရာဝန်အသင်းအား **"ကမ္ဘာ့တိရစ္ဆာန် ဆေးကုနေ့ လှုပ်ရှားဆောင်ရွက်မှု အထိမ်းအမှတ်ဆု ၂၀၁၁"** အား ရွေးချယ်ချီးမြှင့်ပေးအပ်ခဲ့ခြင်း ဖြစ်ပါသည်။

ကျွန်တော်တို့တစ်တွေ ညီညွတ်ခဲ့ကြပါသည်။ မြန်မာနိုင်ငံရှိ တိရစ္ဆာန်ဆေးကုဆရာဝန်များ၊ မြန်မာနိုင်ငံ မွေးမြူရေးလုပ်ငန်းအဖွဲ့ချုပ်မှ တာဝန်ရှိသူများ၊ တိရစ္ဆာန်ဆေးဝါးတင်ပို့ရောင်းချသည့်ကုမ္ပဏီများ၊ မွေးမြူရေးလုပ်ငန်းရှင်များ၊ ဒေသအာဏာပိုင်များ၊ ပြည်သူများ စုပေါင်းညီညွတ်မှုဖြင့် "ကမ္ဘာ့တိရစ္ဆာန်ဆေးကုနေ့ လှုပ်ရှားဆောင်ရွက်မှု"များ ပြုလုပ်၍ **"မြန်မာကို ကမ္ဘာကသိ"** အောင် ပြုနိုင်ခဲ့ပါပြီ။

ထိုသို့ မြန်မာကို ကမ္ဘာကသိအောင် မြန်မာနိုင်ငံတိရစ္ဆာန်ဆေးကုဆရာဝန်အသင်းကြီး၏ ကြိုးပမ်းမှုများက သက်သေပြနိုင်ခဲ့သဖြင့် တိရစ္ဆာန်ဆေးကုဆရာဝန်တစ်ယောက်အနေဖြင့် ဂုဏ်ယူမိပါသည်။ တိရစ္ဆာန်ဆေးကုဆရာဝန်ဖြစ်ရတာ ကျေနပ်မိပါသည်။

ဆက်လက်၍ ခေတ်မီဖွံ့ဖြိုးတိုးတက်သော ဒီမိုကရေစီ နိုင်ငံတော်သစ်တည်ဆောက်ရေးတွင် ကျွန်တော်တို့တစ်တွေ၏ ညီညွတ်မှုစွမ်းအားဖြင့် **"မြန်မာကို ကမ္ဘာကသိအောင် ဆက်လက်ကြိုးပမ်းဆောင်ရွက်ကြပါစို့"**ဟု တိုက်တွန်းနှိုးဆော်အပ်ပါသည်။ ။

ကျိုက်ထိုမြို့နယ်တွင် နိုင်ငံသားစိစစ်ရေးကတ်ပြား ပေးအပ်

ကျိုက်ထို ဇွန် ၃

ကျိုက်ထိုမြို့နယ် မုပ္ပလင်စံပြကျေးရွာတွင် နိုင်ငံသားစိစစ်ရေးကတ်ပြား ပေးအပ်ပွဲကို မေ ၂၈ ရက် နံနက် ၉ နာရီတွင် အဆိုပါကျေးရွာ ဓမ္မာရုံ၌ ကျင်းပရာ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးမြင့်လွင်၊ အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဦးညီညီထွန်း၊ သထုံခရိုင် လူဝင်မှုကြီးကြပ်ရေးနှင့် အမျိုးသားမှတ်ပုံတင်ရေးဦးစီးဌာန လက်ထောက်ညွှန်ကြားရေးမှူး ဦးတင်မောင်ဦးတို့က အမှာစကား ပြောကြားကြသည်။

ဆက်လက်၍ နိုင်ငံသားစိစစ်ရေး ကတ်ပြား ၂၅၂ ကတ်ကို တာဝန်ရှိသူများက ပေးအပ်ရာ**(အပေါ်ပုံ)** ကျေးရွာပြည်သူများက လက်ခံယူကြပြီး ဒေသခံပြည်သူများ ကိုယ်စား ဦးတင့်လွင်ဦးက ကျေးဇူးတင်စကား ပြောကြားကြောင်း သိရသည်။ (မြို့နယ်ပြန်/ဆက်)

ပေါင်မြို့နယ် စာရေးဝန်ထမ်းများ စွမ်းရည်မြှင့် သင်တန်းဖွင့်

ပေါင် ဇွန် ၃

မွန်ပြည်နယ် ပေါင်မြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနက ကြီးမှူးကျင်းပသော အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန စာရေးဝန်ထမ်းများ စွမ်းရည်မြှင့်သင်တန်းဖွင့်ပွဲကို မေ ၁၆ ရက် နံနက်ပိုင်းက ပေါင်မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပသည်။

ရှင်းလင်းပြောကြား

အခမ်းအနားတွင် ပေါင်မြို့နယ် အထွေထွေအုပ်ချုပ်ရေးမှူး ဦးမြတ်အောင်ဌေးက သင်တန်းဖွင့်လှစ်ရခြင်း ရည်ရွယ်ချက်ကို ရှင်းလင်းပြောကြားသည်။ အဆိုပါ သင်တန်းသို့ ကျေးရွာပေါင်း ၅၄ အုပ်စုမှ သင်တန်းသား၊ သင်တန်းသူ ၅၆ ဦးတို့ တက်ရောက်ခဲ့ကြပြီး သင်တန်းကာလမှာ မေ ၁၆ ရက်မှ ဇွန် ၃ ရက်အထိ ဖွင့်လှစ်ခဲ့ကြောင်း သိရသည်။ (မြို့နယ်ပြန်/ဆက်)

သစ်တောနဲ့ သစ်ပင် ချစ်ခင်တဲ့ လူမျိုး သစ်ပင်ကို နှစ်စဉ်စိုက် ရှေ့တိုက်ကိုစိုး

ပြည်ထောင်စုဝန်ကြီး ဦးသိန်းထွန်းအား ဂျပန်နိုင်ငံသံအမတ်ကြီး လာရောက်တွေ့ဆုံ

နေပြည်တော် ဇွန် ၃

ဆက်သွယ်ရေး၊ စာတိုက်နှင့် ကြေးနန်းဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးသိန်းထွန်းအား ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်ဆိုင်ရာ ဂျပန်နိုင်ငံသံအမတ်ကြီး H.E. Mr. Takashi SAITO သည် ယနေ့နံနက်ပိုင်းတွင် နေပြည်တော်ရှိ ဆက်သွယ်ရေး၊ စာတိုက်နှင့် ကြေးနန်းဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး၏ ဧည့်ခန်းမ၌ လာရောက်တွေ့ဆုံသည်။

ယင်းသို့ တွေ့ဆုံရာတွင် သဘာဝဘေးအန္တရာယ်ကာကွယ်ရေး ဆက်သွယ်မှုစနစ်၊ ကျေးလက်ဒေသ ဆက်သွယ်မှုစနစ် ဖွံ့ဖြိုးရေးဆိုင်ရာများနှင့် ဆက်သွယ်ရေး စက်ပစ္စည်းကိရိယာများတွင် ပြန်လည်ပြည့်ဖြိုးမြဲစွမ်းအင် အသုံးပြုရေးဆိုင်ရာ ကိစ္စရပ်များနှင့် တိုးတက်ပြောင်းလဲလာသော နည်းပညာရပ်များနှင့်အညီ နှစ်နိုင်ငံ ဆက်သွယ်ရေးနည်းပညာများ ပူးပေါင်းတိုးမြှင့်ဆောင်ရွက်နိုင်ရေးအတွက် ဆွေးနွေးခဲ့ကြကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

ဆက်သွယ်ရေး၊ စာတိုက်နှင့် ကြေးနန်းဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးသိန်းထွန်းအား ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်ဆိုင်ရာ ဂျပန်နိုင်ငံသံအမတ်ကြီး H.E. Mr. Takashi SAITO လာရောက်တွေ့ဆုံစဉ်။ (သတင်းစဉ်)

ရန်ကုန်တိုင်းဒေသကြီး ဥပဒေချုပ်ရုံးမှ ဥပဒေအရာရှိများအား ပြည်ထောင်စုရှေ့နေချုပ် ဒေါက်တာထွန်းရှင် တွေ့ဆုံမှာကြား

ရန်ကုန် ဇွန် ၃

ပြည်ထောင်စုရှေ့နေချုပ် ဒေါက်တာထွန်းရှင်သည် ယနေ့နံနက် ၁၀ နာရီတွင် ရန်ကုန်တိုင်းဒေသကြီး ဥပဒေချုပ်ရုံး၌ တိုင်းဒေသကြီး ဥပဒေချုပ် ဦးကျော်မိုးနိုင်၊ တိုင်းဒေသကြီး၊ ခရိုင်နှင့်မြို့နယ်အဆင့် ဥပဒေအရာရှိများအား တွေ့ဆုံပြီး ဥပဒေရေးရာနှင့် စီမံရေးရာလုပ်ငန်းများနှင့် စပ်လျဉ်း၍ ထုတ်ပြန်ထားသော စည်းမျဉ်း၊ စည်းကမ်းများနှင့်အညီ ကျင့်ကြံဆောင်ရွက်ကြရန် မှာကြားသည်။ **(ဝဲပုံ)**

(သတင်းစဉ်)

မြန်မာ့ရုပ်မြင်သံကြား အစီအစဉ်

၄-၆-၂၀၁၁ (စနေနေ့)

နံနက်ပိုင်း

- ၇း၀၀ ၁။ မင်းကွန်းဆရာတော်ကြီး၏ ပရိတ်တရားတော်
- ၇း၁၅ ၂။ အင်္ဂဇယမင်္ဂလံ (ယဉ်ဝေယံထွန်း၊ တေးရေး-ဂီတစာဆိုမျိုးနွယ်ဆွေ)
- ၇း၂၅ ၃။ ကျန်းမာဖို့အတူကစားစို့
- ၇း၃၀ ၄။ နံနက်ခင်းသတင်း
- ၇း၄၀ ၅။ သံသာချိုအေးမင်္ဂလာတေး
- ၇း၅၀ ၆။ သက်ရှည်ကျန်းမာလေ့ကျင့်ပါ
- ၈း၀၀ ၇။ ကဗျာပန်းဥယျာဉ်
- ၈း၁၀ ၈။ တေးဂီတအစီအစဉ်
- ၈း၂၀ ၉။ အကပြိုင်ပွဲ
- ၈း၂၅ ၁၀။ နိုင်ငံ့စီးပွားအလေးထား ကျေးလက်ထုတ်ကုန်များ
- ၈း၄၀ ၁၁။ International News
- ၈း၄၅ ၁၂။ Local Talent
- ၉း၀၀ ၁၃။ အစီအစဉ်ပြီး၏။

နေ့လယ်ပိုင်း

- ၁၁း၀၀ ၁။ စစ်သည်တေး
- ၁၁း၀၅ ၂။ ချစ်စရာ့အရွယ်ကစားကြမယ်
- ၁၁း၃၀ ၃။ တစ်ပတ်အတွင်းရုပ်မြင်သံကြား ပြည်တွင်းသတင်းစဉ်
- ၁း၂၀ ၄။ Yan Can Cook
- ၁း၄၀ ၅။ **နိုင်ငံခြားဇာတ်လမ်းတွဲ "ချစ်ကြိုးတစ်မျှင်" (အပိုင်း-၄၇)**
- ၂း၃၀ ၆။ "အရက်နှင့် ကျန်းမာရေး" (အပိုင်း-၂)
- ၂း၅၀ ၇။ International News
- ၃း၀၀ ၈။ အစီအစဉ်ပြီး၏။

ညပိုင်း

- ၃း၁၅ ၁။ Myanmar National League MNL Grand Royal Cup (2011) ဘောလုံးပြိုင်ပွဲတိုက်ရိုက်ထုတ်လွှင့်မှုအစီအစဉ် (ကမ္ဘောဇ F.C နှင့် ဧရာဝတီယူနိုက်တက် F.C)
- ၅း၁၅ ၂။ တေးဂီတအစီအစဉ်
- ၅း၃၀ ၃။ အဝေးသင်တက္ကသိုလ်ပညာရေး ရုပ်မြင်သံကြားသင်ခန်းစာ -ပထမနှစ် (မြန်မာစာ၊ မြန်မာမှုပညာ၊ ရသစာပေအထူးပြုများ) (အရှေ့တိုင်းပညာ)
- ၅း၅၀ ၄။ မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ရေးတေးများ
- ၆း၀၀ ၅။ ညနေခင်းသတင်း
- ၆း၁၅ ၆။ မိုးလေဝသအခြေအနေ
- ၆း၂၀ ၇။ အလှရှာမယ် လှကမ္ဘာဝယ်
- ၆း၃၅ ၈။ ယဉ်တစ်ကိုယ်မယ် (ဆွဲဝတ်ရည်သောင်း)
- ၇း၀၀ ၉။ **နိုင်ငံခြားဇာတ်လမ်းတွဲ "အချစ်နဲ့အမုန်း" (အပိုင်း-၁၅)**
- ၈း၀၀ ၁၀။ ပြည်တွင်းသတင်း
- ၁၁။ နိုင်ငံတကာသတင်းများ
- ၁၂။ မိုးလေဝသအခြေအနေ
- ၁၃။ **ကာတွန်းအစီအစဉ် "တောကောင်ငယ် သိုင်းညီနောင်လေးများ" (ဒုတိယတွဲ) (အပိုင်း-၁၉)**
- ၁၄။ **နိုင်ငံခြားဇာတ်လမ်းတွဲ "ရှုပ်ထွေးဆန်းကြယ်" (အပိုင်း-၁၁)**
- ၁၅။ ဂီတတံခါးလေးဖွင့်ပါဦး
- ၁၆။ အစီအစဉ်ပြီး၏။

ပုသိမ်မြို့ ကရုဏာ လူမှုကူညီရေးအသင်း၏ ရာသက်ပန် မျက်စိအလင်းပေး ပဒေသာပင်အတွက် ကွယ်လွန်သူ ကိုဝေလွင်ထွန်းအားရည်စူး၍ နှစ်ရှည်ပင်နှင့် စိုက်ပျိုးမွေးမြူရေးလုပ်ငန်းဌာန (စိုက်မွေးလုပ်ငန်း)မှ ဦးခင်အုန်း-ဒေါ်ခင်မာဝေ မိသားစုက အလှူငွေကျပ် တစ်သိန်း ပေးအပ်လှူဒါန်းရာ အဖွဲ့ဥက္ကဋ္ဌ ဦးစိုးမြင့် လက်ခံစဉ်။ (သတင်းစဉ်)

ပညာဂုဏ်ရောင် အလင်းဆောင်

မြိုင်မြို့နယ်၌ စာပေပျိုးခင်း စာကြည့်တိုက်ဖွင့်

ရန်ကုန် ဇွန် ၃

ပခုက္ကူခရိုင် မြိုင်မြို့နယ် ဝယ်ဘောင်ကျေးရွာအုပ်စု စာပေပျိုးခင်း စာကြည့်တိုက် အဆောက်အအုံသစ်ဖွင့်ပွဲကို ဧပြီ ၂၀ ရက် နံနက် ၉ နာရီက ကျင်းပရာ မြို့နယ်ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးမှူး ဒေါ်အေးအေးနွဲ့နှင့် ကျေးရွာအုပ်ချုပ်ရေးမှူး ဦးသိန်းထွန်းတို့က ဖဲကြိုးဖြတ် ဖွင့်လှစ်ပေးကြပြီး ဒေါင်အိုအုပ်စု လက်ပံအိုင့်ကျေးရွာနေ ဦးထွန်းသူရဇော် - ဒေါ်မိုးမိုး (အမေ့အိမ်ဘော်ဒါ)က ဆောက်လုပ်လှူဒါန်းမည့် အမေ့အိမ်စာကြည့်တိုက်ပန္နက်တင်ပွဲကို ဧပြီ ၂၄ ရက် နံနက် ၁၀ နာရီက စာကြည့်တိုက် ဆောက်လုပ်မည့်နေရာ၌ ကျင်းပရာ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးမြင့်တင်၊ မြို့နယ်ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးမှူး ဒေါ်အေးအေးနွဲ့နှင့် ကျေးရွာအုပ်ချုပ်ရေးမှူး ဦးတင်ကြိုင်တို့က ပန္နက်တင်ပေးခဲ့ကြကြောင်း သိရသည်။ (မြို့နယ်ပြန်/ဆက်)

မြန်မာနိုင်ငံ စာကြည့်တိုက်များဖောင်ဒေးရှင်းသို့ အလှူငွေနှင့် စာအုပ်စာစောင်များလှူဒါန်းနိုင်

မြန်မာနိုင်ငံ စာကြည့်တိုက်များဖောင်ဒေးရှင်းသည် ပြည်သူများ အသိပညာ ဗဟုသုတ မြင့်မားလာစေရေးနှင့် ကိုယ့်အားကိုယ်ကိုး စာကြည့်တိုက်များ ဖွံ့ဖြိုးတိုးတက်လာစေရေးအတွက် အားပေးကူညီဆောင်ရွက်လျက်ရှိရာ စေတနာရှင် အလှူရှင်များအနေဖြင့် အလှူငွေနှင့် စာအုပ်စာစောင်များ လှူဒါန်းလိုပါက မြန်မာနိုင်ငံစာကြည့်တိုက်များ ဖောင်ဒေးရှင်း အမှတ် ၂၂၈ သိမ်ဖြူလမ်း ဗိုလ်တထောင်မြို့နယ် ရန်ကုန်မြို့ ဖုန်း-၀၁-၃၇၁၃၄၂၊ ၀၁-၂၀၁၉၃၆ နှင့် ၀၁-၃၉၈၇၅၆ တို့သို့ ဆက်သွယ် လှူဒါန်းနိုင်သည်။

ကျေးရွာစာကြည့်တိုက်သို့ စာအုပ်များလှူဒါန်း

ရန်ကုန် ဇွန် ၃

ပဲခူးတိုင်းဒေသကြီး အမျိုးသမီးရေးရာအဖွဲ့က ကျေးရွာစာကြည့်တိုက်သို့ စာအုပ်များ လှူဒါန်းခြင်း အခမ်းအနားကို ဝေါမြို့နယ် အဗျားဗိုလ်တဲကျေးရွာ မင်္ဂလာဦး စာကြည့်တိုက်၌ မေ ၂၀ ရက် ညနေ ၃ နာရီက ကျင်းပသည်။

အခမ်းအနားတွင် ပဲခူးတိုင်းဒေသကြီး အမျိုးသမီးရေးရာအဖွဲ့ဥက္ကဋ္ဌ ဒေါ်မေသူက စာအုပ်၊ စာစောင်များ ပေးအပ်လှူဒါန်းရာ မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးမှူး ဒေါ်သန်းသန်းအေးနှင့် ကျေးရွာစာကြည့်တိုက် ကော်မတီဥက္ကဋ္ဌ ဦးသန်းနိုင်ဦးတို့က လက်ခံယူခဲ့ကြောင်း သိရသည်။ **(အောက်ပုံ)**

(မြို့နယ် ပြန်/ဆက်)

စာပေမြင့်မှ လူမျိုးတင့်မည်

ရွှေဆောင်လမ်းညွှန် လူငယ်တံခွန် စာကြည့်တိုက် မြောင်းမြမြို့နယ်၌ဖွင့်

ရန်ကုန် ဇွန် ၃

မြောင်းမြမြို့နယ် သရောဘုန်းကျေးရွာအုပ်စု သပြုချောင်းကျေးရွာ၌ မူလတန်းကျောင်းခွဲနှင့်တွဲ၍ ရွှေဆောင်လမ်းညွှန် လူငယ်တံခွန် စာကြည့်တိုက်အဆောက်အအုံသစ်ဖွင့်ပွဲ အခမ်းအနားကို မေ ၁၅ ရက် နံနက် ၉ နာရီက အဆိုပါ စာကြည့်တိုက်၌ ကျင်းပရာ မြောင်းမြခရိုင် ပညာရေးမှူး ဒေါ်မြင့်မြင့်ဌေးနှင့် တရားရုံးချုပ်ရှေ့နေ (ဒဂုံ)ဦးလှမြင့် (စာရေးဆရာမြောင်းမြ-မြင့်မိုး)၊ တရားရုံးချုပ်ရှေ့နေ ဦးကြည်ထွန်း (ထွန်း-လှ-ကြည် ကူညီလမ်းညွှန် အကျိုးဆောင်လုပ်ငန်း)တို့က စာကြည့်တိုက် အဆောက်အအုံသစ်ကို ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးပြီး **(အပေါ်ပုံ)** ဧရာဝတီတိုင်းဒေသကြီး တိုင်းဒေသကြီးပညာရေးမှူး ဦးစိုးမြင့်က အမှာစကားပြောကြားသည်။

ယင်းနောက် စာကြည့်တိုက်အလှူရှင်များက စာကြည့်တိုက်ကို ပညာရေးဌာနသို့လွှဲပြောင်းပေးအပ်ရာ တာဝန်ရှိသူများက လက်ခံရယူသည်။ ဆက်လက်၍ အလှူရှင်များက အလှူငွေများနှင့် သုတရသ စာအုပ်၊ စာစောင်များကို စာကြည့်တိုက်အတွက် ပေးအပ်လှူဒါန်းခဲ့ကြောင်း သိရသည်။ (ကြေးမုံ)

သက်ရှိလောကတည်မြဲဖို့ သဘာဝတောတွေ ထိန်းသိမ်းစို့

ပြည်ထောင်စုဝန်ကြီး ဦးဝင်းထွန်းအား ဂျပန်နိုင်ငံသံအမတ်ကြီး လာရောက်တွေ့ဆုံ

နေပြည်တော် ဇွန် ၃

သစ်တောရေးရာဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဝင်းထွန်းအား ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်ဆိုင်ရာ ဂျပန်နိုင်ငံသံအမတ်ကြီး H.E. Mr. Takashi SAITO သည် ယနေ့နံနက် ၉ နာရီတွင် နေပြည်တော်ရှိ သစ်တောရေးရာဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးရုံး ဧည့်ခန်းမ၌ လာရောက်တွေ့ဆုံသည်။

ထိုသို့ တွေ့ဆုံရာတွင် မြန်မာနိုင်ငံနှင့် ဂျပန်နိုင်ငံတို့အကြား ပူးပေါင်းဆောင်ရွက်နေသော အပူပိုင်းဒေသ စိမ်းလန်းစိုပြည်ရေးနှင့် ဒီရေတောများ ပြန်လည်ထူထောင်ရေးလုပ်ငန်း စီမံကိန်းများ အောင်မြင်မှုအခြေအနေ၊ ဆက်လက်ပူးပေါင်းဆောင်ရွက်ရန်ကိစ္စရပ်များ၊ ရာသီဥတုပြောင်းလဲမှုဆိုင်ရာ ကျိုတိုသဘောတူညီချက်အရ အဖွဲ့ဝင်နိုင်ငံများမှ ဆောင်ရွက်ရန်ရှိသည်များကို လိုက်နာဆောင်ရွက်ရေးတို့နှင့် ပတ်သက်၍ ဆွေးနွေးကြကြောင်း သိရှိရသည်။ (သတင်းစဉ်)

လာရောက်တွေ့ဆုံ

သစ်တောရေးရာဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဝင်းထွန်းအား ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော်ဆိုင်ရာ ဂျပန်သံအမတ်ကြီး H.E. Mr. Takashi SAITO လာရောက်တွေ့ဆုံစဉ်။ (သတင်းစဉ်)

မြန်မာနိုင်ငံ၌ ကျောက်မီးသွေးသယံဇာတဖြစ်ထွန်းမှု ၄၉၅ နေရာရှိနေ တိုးချဲ့ရှာဖွေခြင်းဖြင့် ထပ်မံတွေ့ရှိရန် အလားအလာကောင်းများရှိ

နေပြည်တော် ဇွန် ၃

မြန်မာနိုင်ငံ၏ စက်မှုကဏ္ဍဖွံ့ဖြိုးတိုးတက်ရေးအတွက် လျှပ်စစ်ဓာတ်အားပေးစက်ရုံများ၊ ဓာတ်မြေဩဇာစက်ရုံများ၊ ဘိလပ်မြေစက်ရုံများနှင့် အခြားစက်မှုလုပ်ငန်းများအတွက် အထူးလိုအပ်သော လောင်စာစွမ်းအင် ကျောက်မီးသွေးသယံဇာတကို သတ္တုတွင်းဝန်ကြီးဌာနမှ တိုးချဲ့ရှာဖွေခဲ့ရာ ဖြစ်ထွန်းမှု ၄၉၅ နေရာ တွေ့ရှိတိုင်းတာတွက်ချက်နိုင်ခဲ့ကြောင်းဖြင့် သတ္တုတွင်း ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးသိန်းထိုက်က ယမန်နေ့ နံနက် ၁၀ နာရီခွဲတွင် နေပြည်တော်ရှိ သတ္တုတွင်းဝန်ကြီးဌာန သီရိရတနာခန်းမ၌ ကျင်းပသည့် မြန်မာနိုင်ငံ စွမ်းအင်ကဏ္ဍဖြစ်စဉ် တိုးတက်မှုများနှင့် ကျောက်မီးသွေးထုတ်လုပ်သူ လုပ်ငန်းရှင်များနှင့် တွေ့ဆုံဆွေးနွေးပွဲ အခမ်းအနား၌ အဖွင့်အမှာစကား ပြောကြားသည်။

ဆက်လက်၍ ပြည်ထောင်စုဝန်ကြီးက မြန်မာနိုင်ငံ၌ ယနေ့အထိ တွေ့ရှိရသော ကျောက်မီးသွေးသိုက်များ၏ အရွယ်အစားမှာ နိုင်ငံတကာအဆင့်နှင့် နှိုင်းယှဉ်ပါက သေးငယ်သော်လည်း တိုးချဲ့ရှာဖွေခြင်းဖြင့် ကျောက်မီးသွေးဖြစ်ထွန်းမှုများ ထပ်မံတွေ့ရှိရန် အလားအလာကောင်းများရှိကြောင်း၊ ၂၀၁၀-၂၀၁၁ ဘဏ္ဍာရေးနှစ် ကျောက်မီးသွေး ထုတ်လုပ်မှုပမာဏမှာ စုစုပေါင်းတန်ချိန် ၅ ဒသမ ၃၂ သိန်းခန့်ရှိခြင်းကြောင့် ၂၀၁၁-၂၀၁၂ ဘဏ္ဍာရေးနှစ်တွင် တိုးမြှင့်ထုတ်လုပ်သွားရမည်ဖြစ်ကြောင်း၊ ကျောက်မီးသွေးသုံးစွဲမှုမှ ဖြစ်ပေါ်လာမည့် သဘာဝပတ်ဝန်းကျင် ထိခိုက်မှုကို ကာကွယ်ထိန်းချုပ်နိုင်ရေးအတွက်လည်း Clean Coal Technology ထွန်းကားရေးကို ကြိုးစားဆောင်ရွက်ကြရမည်ဖြစ်ကြောင်းဖြင့် ပြောကြားသည်။

ဆက်လက်၍ အမှတ်(၃) သတ္တုတွင်းလုပ်ငန်း ဦးဆောင်ညွှန်ကြားရေးမှူးနှင့် တက်ရောက်လာကြသော လုပ်ငန်းရှင်၊ ပညာရှင်များက ကျောက်မီးသွေးကြောင့် ဖြစ်ပေါ်လာမည့် ပတ်ဝန်းကျင်ညစ်ညမ်းမှုဆိုင်ရာကိစ္စများ စိစစ်ရေး (Environmental Impact Assessment of Coal Project) နှင့် ကျောက်မီးသွေး တိုးတက်ထုတ်လုပ်နိုင်ရေးတို့ကို ဝိုင်းဝန်းဆွေးနွေးခဲ့ကြကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

အမှာစကား ပြောကြား

သတ္တုတွင်း ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးသိန်းထိုက် မြန်မာနိုင်ငံ စွမ်းအင်ကဏ္ဍဖြစ်စဉ် တိုးတက်မှုများနှင့် ကျောက်မီးသွေး ထုတ်လုပ်သူ လုပ်ငန်းရှင်များနှင့် တွေ့ဆုံဆွေးနွေးပွဲ အခမ်းအနားတွင် အမှာစကားပြောကြားစဉ်။ (သတင်းစဉ်)

ဥတု ရာသီ တောကို မှီ၏

နိုင်ငံတကာရုပ်ရှင် အနုပညာရုပ်ဝန်း

နိုင်ငံတကာရုပ်ရှင် အနုပညာရုပ်ဝန်း

နိုင်ငံတကာရုပ်ရှင် အနုပညာရုပ်ဝန်း

နယူးယောက်အာရှရုပ်ရှင်ပွဲတော်သို့ ကိုရီးယားရုပ်ရှင် ၁၁ ကား ဖိတ်ကြားခံရ

လာမည့်ဇူလိုင်လတွင် နယူးယောက်မြို့၌ ကျင်းပမည့် အာရှရုပ်ရှင်ပွဲတော်သို့ ကိုရီးယားရုပ်ရှင် ၁၁ ကား လာရောက်ပြသရန် ဖိတ်ကြားခံခဲ့ရသည်။

၂၀၁၁ ခုနှစ် နယူးယောက် အာရှရုပ်ရှင်ပွဲတော် (NYAFF)ကို ဇူလိုင် ၁ ရက်မှ ၁၄ ရက်အထိ နယူးယောက်မြို့တွင် ကျင်းပသွားမည်ဖြစ်ရာ ယင်းရုပ်ရှင်ပွဲတော်သို့ ကိုရီးယားရုပ်ရှင်ကားများဖြစ်သည့် Battlerfield Heroes၊ Bedevilled၊ The Chaser၊ City of Violence၊ Foxy Festival၊ Haunters၊ The Man From Nowhere၊ MSFF Shorts၊ The Recipe၊ Troubleshooter၊ The Unjust နှင့် The Yellow Sea ဇာတ်ကားများ ပြသသွားမည်ဖြစ်ကြောင်း ဇွန် ၃ ရက်က ရုပ်ရှင်ပွဲတော်၏ တရားဝင်ဝက်ဘ်ဆိုက်တွင် ဖော်ပြထားသည်။

နယူးယောက် အာရှ ရုပ်ရှင် ပွဲ တော် တွင် ပြ သ မည့် ကို ရီး ယား ရုပ် ရှင် ဇာတ် ကား အချို့။

ယင်းရုပ်ရှင်ပွဲတော်သို့ ကိုရီးယားရုပ်ရှင်ဒါရိုက်တာများ ဖြစ်သည့် နာဟွန်ဂျင်၊ အာရူးဆန်ဝန်၊ ကွက်ဟာရီဂျေနှင့် လီဂွန်းအတို့လည်း တက်ရောက်ကြမည်ဖြစ်သည်။

ဤရုပ်ရှင်ပွဲတော်ကို အရှေ့အာရှနှင့် အရှေ့တောင်အာရှနိုင်ငံများအပါအဝင် ဂျပန်၊ တောင်ကိုရီးယား၊ ဟောင်ကောင်၊ တရုတ်နှင့် ထိုင်းနိုင်ငံတို့မှ ခေတ်ပေါ်ဇာတ်ကားနှင့် ဂန္ထဝင်ရုပ်ရှင်ကားများဖြင့် ၂၀၀၂ ခုနှစ်က စတင်ကျင်းပခဲ့ခြင်းဖြစ်သည်။

ယခင် ကျင်းပခဲ့သော ရုပ်ရှင်ပွဲတော်များတွင် ၂၀၀၂ ခုနှစ်က တောင်ကိုရီးယားနိုင်ငံမှ My Sassy Girl ဇာတ်ကား၊ ၂၀၀၄ ခုနှစ်က တောင်ကိုရီးယားနိုင်ငံမှပင် Please Teach Me English ဇာတ်ကားတို့သည် ပရိသတ်အကြိုက်ဆုံး ဇာတ်ကားများအဖြစ် ရွေးချယ်ခံခဲ့ရသည်။ ***အင်တာနက်။***

သရုပ်ဆောင်ပညာရပ်ကို ကြိုးစားသင်ယူနေသည့် ရိုစီဟန်သီတန်ဝှိုက်တလေ

အေ ဝမ်း စိုး

စူပါမော်ဒယ်လ်တစ်ယောက်အဖြစ် လူသိများထင်ရှားလာပြီး ယခုအခါ သရုပ်ဆောင်လောကသို့ ချင်းနင်းဝင်ရောက်လာသူ ရိုစီဟန်သီတန်ဝှိုက်တလေ **(အောက်ဝဲပုံ)**က သရုပ်ဆောင်ပညာကို ကြိုးစားသင်ယူလျက်ရှိကြောင်း ထုတ်ဖော်ပြောကြားသည်။

Transformers: Dark of the Moon ဇာတ်ကားတွင် ပါဝင်သရုပ်ဆောင်ခဲ့သူ ရိုစီက နည်းပြဆရာတစ်ဦးနှင့်အတူ ကြိုးစားသင်ယူလေ့လာနေကြောင်း၊ မော်ဒယ်လ်တစ်ဦးအဖြစ် ကိုးနှစ်ကြာကျင်လည်ကျက်စားခဲ့ပြီး ဖက်ရှင်လောကကို ချစ်မြတ်နိုးသော်လည်း ဖက်ရှင်လောကကို စွန့်လွှတ်ပြီး သရုပ်ဆောင်ပညာရပ်တွင် ထူးချွန်ရန် ကြိုးစားသွားမည်ဟု ဆိုသည်။

ရိုစီသည် မက်ဆင်မဂ္ဂဇင်းက နှစ်စဉ်ရွေးချယ်ထုတ်ပြန်လေ့ရှိသည့် ဆွဲဆောင်မှုအရှိဆုံး အလှပိုင်ရှင်အမျိုးသမီး ၁၀၀ စာရင်းတွင် ယခုနှစ်၌ နံပါတ်(၁) အဖြစ် ရွေးချယ်ခံခဲ့ရသည်။

အမ်တီဗွီ Networks ၏ NextMovie.com ၂၀၁၁ ခုနှစ်တွင် ထွန်းတောက်လာမည့် ကြယ်တစ်ပွင့်ဟု ညွှန်းဆိုထားခြင်းခံခဲ့ရသူ ရိုစီသည် အမေရိကန်နိုင်ငံ ဗစ်တိုးရီးယားစီးခရက်စ်မှ ထုတ်လုပ်သော အမျိုးသမီးအသုံးအဆောင်၊ အဝတ်အထည်၊ အလှကုန်ပစ္စည်းများကို ကြော်ငြာပေးရသည့် မော်ဒယ်လ်တစ်ဦးအဖြစ် လူသိများထင်ရှားလာခဲ့ပြီး ယခုအခါ အင်္ဂလိပ်မင်းသား ဂျက်ဆင်စတက်ဟန်နှင့်တွဲလျက်ရှိသည်။

အင်တာနက်။

မြန်မာနိုင်ငံကြက်ခြေနီအသင်းကြီးသည် နှစ်ပေါင်း(၉၀)ကျော် သမိုင်းအစဉ်အလာကြီးမားသော လူမှုကရုဏာအသင်းကြီးဖြစ်

နေပြည်တော် ဇွန် ၃

မြန်မာနိုင်ငံကြက်ခြေနီအသင်းကို ၁၉၂၀ ခုနှစ်တွင် အိန္ဒိယနိုင်ငံ ကြက်ခြေနီအသင်းခွဲအနေဖြင့် စတင်ဖွဲ့စည်းခဲ့ရာမှ ၁၉၃၇ ခုနှစ်တွင် အမျိုးသားအသင်းအဖြစ် သီးခြားရပ်တည်ခဲ့ကြောင်း၊ အသင်းကြီးသည် လူမှုကရုဏာလုပ်ငန်းများဆောင်ရွက်သည့် အခန်းကဏ္ဍ၌ နိုင်ငံတော်၏ အရန်အင်အားအဖြစ် ရပ်တည်ဆောင်ရွက်လာသည်မှာ ယခုနှစ်ပေါင်း (၉၀)ကျော်ရှိပြီဖြစ်သည့် သမိုင်းအစဉ်အလာကြီးမားသော လူမှုကရုဏာအသင်းကြီးဖြစ်ကြောင်း၊ နိုင်ငံတော်အစိုးရအနေဖြင့်လည်း ဂျီနီဗာသဘောတူညီချက်ကို လက်မှတ်ရေးထိုးထားပြီး အပြည်ပြည်ဆိုင်ရာ ကြက်ခြေနီညီလာခံ၌ ကိုယ်စားလှယ်အဖြစ် ပါဝင်ဆောင်ရွက်နေသည်နှင့်အညီ ကြက်ခြေနီလှုပ်ရှားမှုကြီး၏ မူဝါဒနှင့်စပ်လျဉ်း၍လည်းကောင်း၊ ဥပဒေပြုရေးနှင့်ပတ်သက်၍လည်းကောင်း စဉ်ဆက်မပြတ် ပံ့ပိုးကူညီဆောင်ရွက်ပေးလျက်ရှိသည့်အတွက် အသင်းကြီး၏ ထူးခြားသည့် ဝိသေသတစ်ခုဖြစ်သကဲ့သို့ နိုင်ငံတော်၏အားပေးကူညီမှုကို သိသာစေသည့်အချက်လည်းဖြစ်ပါကြောင်း။

ကျေးရွာအဆင့်အထိ ကြက်ခြေနီလုပ်ငန်းများ အောင်မြင်စွာ အကောင်အထည်ဖော် ဆောင်ရွက်နိုင်ရေးသည် အသင်းကြီး၏ ပင်မတာဝန်တစ်ရပ်ဖြစ်၍ အသင်းကြီး၏ ရည်မှန်းချက်နှင့် လုပ်ငန်းစဉ်များ ပိုမိုအောင်မြင်ရေးအတွက် ကြိုးပမ်းအားထုတ်ကြရန် ကျန်းမာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာဖေသက်ခင်က ယနေ့ နံနက် ၉ နာရီတွင် နေပြည်တော် ရာဇသင်္ဂဟလမ်းရှိ မြန်မာနိုင်ငံကြက်ခြေနီအသင်းဌာနချုပ် အစည်းအဝေးခန်းမ၌ ကျင်းပသည့် မြန်မာနိုင်ငံကြက်ခြေနီအသင်း၏ ဒသမအကြိမ် နိုင်ငံလုံးဆိုင်ရာ ညီလာခံဖွင့်ပွဲအခမ်းအနား၌ အဖွင့်အမှာစကား ပြောကြားသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီးက မြန်မာနိုင်ငံကြက်ခြေနီအသင်းအတွက် နိုင်ငံတော်က တာဝန်ပေးအပ်သည့် အစိုးရခန့်ဗဟိုကောင်စီဝင် (၁၀)ဦး၏ အမည်စာရင်းကို ဖတ်ကြားသည်။

ယင်းနောက် ပြည်ထောင်စုဝန်ကြီးနှင့်အဖွဲ့ဝင်များသည် မြန်မာနိုင်ငံကြက်ခြေနီအသင်း၏ လှုပ်ရှားမှုမှတ်တမ်းဓာတ်ပုံပြခန်းငယ်အတွင်း လှည့်လည်ကြည့်ရှုကြသည်။

ထို့နောက် ညီလာခံကို ဆက်လက်ကျင်းပရာ သဘာပတိ မြန်မာနိုင်ငံကြက်ခြေနီအသင်းဥက္ကဋ္ဌ ပါမောက္ခ ဒေါက်တာသာလှရွှေက အဖွင့်အမှာစကား ပြောကြားပြီး နဝမအကြိမ် နိုင်ငံလုံးဆိုင်ရာ ညီလာခံမှတ်တမ်းကို အမှုဆောင်ညွှန်ကြားရေးမှူး ဦးခင်မောင်လှ ကလည်းကောင်း၊ ဒသမအကြိမ် နိုင်ငံလုံးဆိုင်ရာ ညီလာခံသို့ တင်သွင်းသော ဗဟိုကောင်စီအစီရင်ခံစာကို အကျိုးဆောင်အတွင်းရေးမှူး ဒေါက်တာလှဖေ ကလည်းကောင်း ဖတ်ကြားကြကာ နိုင်ငံလုံးဆိုင်ရာ ညီလာခံကို အစီအစဉ်များအတိုင်း ဆက်လက်ကျင်းပကြောင်း သိရသည်။

(သတင်းစဉ်)

ကျန်းမာရေး ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာဖေသက်ခင် မြန်မာနိုင်ငံကြက်ခြေနီအသင်း၏ လှုပ်ရှားမှု မှတ်တမ်းဓာတ်ပုံပြခန်းငယ်အတွင်း လှည့်လည်ကြည့်ရှုစဉ်။ (သတင်းစဉ်)

သာသနာရေးဝန်ကြီးဌာန အင်္ဂလိပ်စာအဆင့်မြင့် သင်တန်းအမှတ်စဉ်(၂) သင်တန်းဆင်းပွဲ ကျင်းပ

နေပြည်တော် ဇွန် ၃

သာသနာရေးဝန်ကြီးဌာန အမှုထမ်းအဆင့် အင်္ဂလိပ်စာအဆင့်မြင့် သင်တန်းအမှတ်စဉ်(၂)သင်တန်းဆင်းပွဲ အခမ်းအနားကို ယနေ့နံနက် ၈ နာရီတွင် နေပြည်တော်ရှိ သာသနာရေးဝန်ကြီးဌာန စုပေါင်းအစည်းအဝေးခန်းမ၌ ကျင်းပသည်။

အဆိုပါ အခမ်းအနားသို့ ပြည်ထောင်စုဝန်ကြီး သူရဦးမြင့်မောင် တက်ရောက်အမှာစကားပြောကြားပြီး ပထမ၊ ဒုတိယနှင့် တတိယဆု ရရှိကြသူများအား ဆုများပေးအပ်ချီးမြှင့်ကာ သင်တန်းဆင်းအောင်လက်မှတ်များ ပေးအပ်ခဲ့ကြောင်း သိရသည်။ (သတင်းစဉ်)

သာသနာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး သူရဦးမြင့်မောင် သာသနာရေးဝန်ကြီးဌာန အမှုထမ်းအဆင့် အင်္ဂလိပ်စာအဆင့်မြင့်သင်တန်းအမှတ်စဉ်(၂)သင်တန်းဆင်းပွဲတွင် ဒုတိယဆုရရှိသူအား ဆုပေးအပ်ချီးမြှင့်စဉ်။ (သတင်းစဉ်)

တရုတ်ရုပ်ရှင်ရက်သတ္တပတ်ပွဲတော်ကို မြန်မာနိုင်ငံတွင် မကြာမီကျင်းပတော့မည်

ရန်ကုန် ဇွန် ၃

တရုတ်ရုပ်ရှင်ရက်သတ္တပတ်ပွဲတော် (Chinese Movie Week) ကို မြန်မာနိုင်ငံ၌ ဇွန် ၁၁ ရက်မှ ၁၇ ရက်အထိ ကျင်းပသွားမည်ဖြစ်ကြောင်းမြန်မာနိုင်ငံဆိုင်ရာ တရုတ်ပြည်သူ့သမ္မတနိုင်ငံသံရုံးမှ ယဉ်ကျေးမှုသံမှူး Mr. Gao Hua က ပြောကြားသည်။

တရုတ်ရုပ်ရှင် ရက်သတ္တပတ်ပွဲတော် အစီအစဉ်နှင့်ပတ်သက်၍ စာနယ်ဇင်းများနှင့် တွေ့ဆုံရှင်းလင်းပွဲကို ဒဂုံမြို့နယ်ရှိ ခရေပင်လမ်း တရုတ်ပြည်သူ့သမ္မတနိုင်ငံသံရုံး၌ မေ ၃၀ ရက်က ကျင်းပသည့် အခမ်းအနား၌ ယင်းကဲ့သို့ ပြောကြားခဲ့ခြင်းဖြစ်သည်။

တရုတ်ရုပ်ရှင် ရက်သတ္တပတ်ပွဲတော် ဖွင့်ပွဲအခမ်းအနားကို ဇွန် ၁၁ ရက် နံနက် ၈ နာရီခွဲတွင် နေပြည်တော်ရှိ နေပြည်တော် Junction ၌ ကျင်းပမည် ဖြစ်ကြောင်း၊ အဆိုပါရုပ်ရှင်ပွဲတော်တွင် တရုတ် ရုပ်ရှင်ဇာတ်ကား ငါးကား ပြသ မည်ဖြစ်ကြောင်း၊ ရန်ကုန်မြို့၌လည်း နေပြည်တော်ရုပ်ရှင်ရုံတွင် ပြသသွားမည် ဖြစ်ကြောင်း၊ ယင်းတရုတ်ရက်သတ္တပတ် ရုပ်ရှင်ပွဲတော်ကို စိတ်ဝင်စားသူ မြန်မာ ရုပ်ရှင် ချစ်ပရိသတ်များ နေပြည်တော်ရှိ ဖုန်း-၀၆၇- ၄၂၁၆၁၅ နှင့် ရန်ကုန်မြို့ ဖုန်း-၂၂၁၃၉၈၂ နှင့် ၂၂၁၃၉၉ တို့သို့ ဆက်သွယ်စုံစမ်း၍ သွားရောက်ကြည့်ရှု နိုင်ကြောင်း သိရသည်။

မောင်ဇော်

MRTV-4 ရုပ်မြင်သံကြားအစီအစဉ်

၄-၆-၂၀၁၁ (စနေနေ့)

AM & PM

၅း၀၀	MRTV-4 အဖွင့် Logo ပဌာန်းပါဠိတော် +အင်္ဂုလိမာလသုတ်၊ ဗောဇ္ဈင်္ဂသုတ်+ပုဗ္ဗဏှသုတ်
၅း၂၀	MRTV-4 သတင်း
၅း၅၀	"အနတ္တမြင်လျှင် နိဗ္ဗာန်ဝင်" တရားတော်
၆း၃၅	ထင်ရှားဖူးမြော်ပင်းတယ ရွှေဥမင်သဘာဝလိုဏ်ဂူတော်
၆း၅၀	**MRTV-4 ရုပ်သံဇာတ်လမ်းတွဲ "နွေးထွေးသောမေတ္တာ" (အပိုင်း-၂၄)**
၇း၃၀	MRTV-4 သတင်း
၈း၀၀	**MRTV-4 ရုပ်သံဇာတ်လမ်းတွဲ "အနားမညီအချစ်" (အပိုင်း-၈၂)**
၈း၅၀	Activities In The City
၉း၁၀	ပန်းပျိုးလက်ဖြင့် ပန်းမျိုးဆက်တို့ ထက်မြက်ရှင်သန်စေရာ. . .
၉း၂၅	ကျန်းမာရေးနှင့်အညီ သီဟအောင် "ဆီ"
၉း၄၀	Global Panorama
၁၀း၀၅	နုယဉ်ဆန်းထွင်ပန်းအလှဆင်
၁၀း၃၅	သွားမယ်စားမယ်
၁၁း၁၀	အဘိုးအဘွားများအေးချမ်းစွာ နားခိုရာချမ်းမြေ့သာယာ စံတော်သာ
၁၁း၄၀	ပန်းချီပြခန်း
၁၁း၅၀	သူတို့ပြောတဲ့သူတို့အကြောင်း
၁၂း၃၀	မိသားစုများသိသင့်သော လေဖြတ်ခြင်းဆိုင်ရာကျန်းမာရေး ဗဟုသုတများ
၁း၀၀	"အနတ္တမြင်လျှင် နိဗ္ဗာန်ဝင်" တရားတော်
၁း၅၀	သက်ဝင်လှုပ်ရှား ရသရုပ်လုံးရုပ်ကြွများ
၂း၀၀	MRTV-4 သတင်း
၂း၂၀	VJ Choice
၂း၄၀	အရည်အသွေးတို့၏အစပထမ
၂း၅၀	Goals of The Week
၃း၂၀	ထာဝရဂုဏ်ပူဇာမင်္ဂလာ အ. ထ. က(၁)ကျိုက်ထို
၃း၄၀	Activities In The City
၄း၀၀	**MRTV-4 ရုပ်သံဇာတ်လမ်းတွဲ "အနားမညီအချစ်" (အပိုင်း-၈၂)**
၄း၅၅	ပုဂံညောင်ဦးမြို့ရှင်အရဟံ သိမ်တော်ကြီးရေစက်ချ အလှူမင်္ဂလာ
၅း၁၅	Eushido နှင့်သူ၏ချစ်သူများ
၅း၃၀	ဂဏန်းသင်္ချာပျော်စရာ
၆း၀၀	MRTV-4 သတင်း
၆း၂၀	Movie Talk
၆း၅၀	**MRTV-4 ရုပ်သံဇာတ်လမ်းတွဲ "နွေးထွေးသောမေတ္တာ" (အပိုင်း-၂၅)**
၇း၃၅	Singapore Night
၈း၀၀	MRTV-4 သတင်း
၈း၃၀	Kid's Show
၉း၀၀	ဖက်ရှင်လမ်းညွှန်
၉း၂၅	ထာဝရရှင်သန်တောက်ပဆဲ အနုပညာကြယ်ကြွေပွဲတော်များ
၉း၅၅	စိတ်ချယုံကြည် Global Wave Technology
၁၀း၁၀	England Vs Suitzerland
၁၂း၁၀	**MRTV-4** ရုပ်သံဇာတ်လမ်းတွဲ **"အနားမညီအချစ်" (အပိုင်း-၈၃)**
၁း၀၀	World of Knowledge
၁း၄၅	မေတ္တာရောင်ပြန်
၂း၀၅	စွဲမက်ဖွယ်ရာရတနာ
၂း၃၅	တိုးပွားဆောင်ရွက်နိုင်ငံ့လက် ဖေးကူမွေးမြူတို့အတူ
၂း၅၅	လှပသစ်ဆန်းအလှပြင်ခန်း
၃း၁၅	ရွှေတိုင်းမြို့မှ ဂုဏ်တင့်စေရာ ကြိမ်လက်မှုအနုပညာ
၃း၃၀	လယ်တီသာသနာ လယ်တီကျောက်စာ
၄း၀၀	စျေးနှုန်းချိုသာ မြန်မာ့ကြွေအမိုးပြား
၄း၁၅	မမေ့နိုင်ပါပြီ. . . ကမ္ဘောဇအလှဌာနီ
၄း၂၅	ပန်းပုပန်းချီတုမမီအောင် လက်ရာစုံပေသည်
၄း၄၀	ကံပေါက်ဒေသမှ လှေလာစရာများ
၅း၀၀	အစီအစဉ်ပြီး၏။

သတိပြုဆင်ခြင်စရာ မှုခင်းအဖြာဖြာ

တောင်ကြီးခရိုင်တရားရုံးက တရုတ်နိုင်ငံသို့ ပို့ဆောင်ရောင်းစားခံရသူအတွက် နစ်နာကြေးငွေပေးရန် အမိန့်ချမှတ်

ရန်ကုန် ဇွန် ၃

တောင်ကြီးမြို့နယ် ဆင်နှစ်ကောင်ကျေးရွာနေ မ----သည် တရုတ်နိုင်ငံသို့ ပို့ဆောင်ရောင်းစားခံရပြီး ပြန်လည်ရောက်ရှိလာကြောင်း သတင်းအရ တောင်ကြီး လူကုန်ကူးအထူးအဖွဲ့သည် မ---အား ၂၀၁၀ ခုနှစ် ဩဂုတ် ၂၁ ရက်တွင် သွားရောက်တွေ့ဆုံမေးမြန်းခဲ့သည်။

တွေ့ဆုံမေးမြန်းချက်အရ မ---အား အောင်ပန်းမြို့ ညောင်ပင်ထောင် ရပ်ကွက်နေ မသီသီဝင်းဆိုသူနှင့် တောင်ကြီး စဝ်စံထွန်းရပ်ကွက်နေ ရဲလွင်ဦးတို့က လစာများများရမည့် အလုပ်ရမည်ဟု လိမ်လည်စည်းရုံးကာ မန္တလေးမြို့မှတစ်ဆင့် လားရှိုး၊ ချင်းရွှေဟော်တို့ကိုဖြတ်ကာ တရုတ်နိုင်ငံ ယူနန်ပြည်နယ် လင်းဖိန်းသို့ ပို့ဆောင်ခဲ့ကြောင်း၊ ထိုမြို့တွင် မ---အား တရုတ်အမျိုးသားနှစ်ဦးနှင့် လက်ထပ်ပေါင်းသင်းရန် တရုတ်ငွေ ယွမ် ၅၀၀၀၀ ဖြင့် ရောင်းစားခဲ့ကြောင်း၊ မ---သည် သူမအား ငွေကြေးရယူရောင်းစားခဲ့ကြောင်း သိရှိရသဖြင့် လင်းဖိန်းရဲစခန်းသို့ သွားရောက်တိုင်တန်းသတင်းပို့သဖြင့် နယ်စပ်သို့ ပြန်လည်ပို့ဆောင်ပေးခြင်းခံရကာ နေအိမ်သို့ ပြန်လည်ရောက်ရှိလာခြင်းဖြစ်ကြောင်း စစ်ဆေးဖော်ထုတ်ရရှိသည်။

မသီသီဝင်းနှင့် ရဲလွင်ဦးတို့အား အေးသာယာရဲစခန်းက (ပ) ၂၁၀/၂၀၁၀ လူကုန်ကူးမှုတားဆီးကာကွယ်ရေး ဥပဒေပုဒ်မ ၂၄ အရ အမှုဖွင့်အရေးယူခဲ့သည်။ အမှုအား ခိုင်မာစွာ တည်ဆောက်၍ တောင်ကြီးခရိုင်တရားရုံးသို့ တရားစွဲတင်ပို့ခဲ့ရာ ပြစ်မှုကျူးလွန်သူ မသီသီဝင်းအား အလုပ်နှင့်ထောင်ဒဏ် ၁၅ နှစ် ကျခံစေရန် ချမှတ်ခဲ့သည်။ ပူးတွဲတရားခံ ရဲလွင်ဦးမှာ ထွက်ပြေးတိမ်းရှောင်လျက်ရှိသဖြင့် တရားခံပြေးအဖြစ် ကြေညာပြီး ဖမ်းဆီးရမိရေး ဆောင်ရွက်လျက်ရှိသည်။ တရားခံ မသီသီဝင်းထံမှ သိမ်းဆည်းရမိသည့် ပြစ်မှုနှင့်ဆိုင်သည့် ငွေကျပ် ၅၀၀၀၀ အနက် ၃၀၀၀၀ ကို လူကုန်ကူးခံရသူ မ---အား နစ်နာကြေးအဖြစ် ပေးစေရန် (၃၀-၅-၂၀၁၁)ရက်တွင် အမိန့်ချမှတ်ခဲ့သည်။

လူကုန်ကူးမှုတားဆီးကာကွယ်ရေးဗဟိုအဖွဲ့၏ ညွှန်ကြားချက်အရ လူကုန်ကူးမှုများကို စစ်ဆေးစီရင်ရာတွင် လူကုန်ကူးမှုတားဆီးကာကွယ်ရေး ဥပဒေပုဒ်မ ၃၃ နှင့်အညီ ပြစ်မှုနှင့်ဆိုင်သော သက်သေခံပစ္စည်းအဖြစ် သိမ်းဆည်းထားသော ပစ္စည်းကို ပြည်သူ့ဘဏ္ဍာငွေအဖြစ် ရောင်းရငွေမှ လူကုန်ကူးခံရသူအား နစ်နာကြေးပေးမိန့်ချမှတ်နိုင်ကြောင်း ပြဋ္ဌာန်းချက်အရ တရားရုံးများက ဆောင်ရွက်ခြင်းဖြစ်သည်ဟု သိရသည်။ (ရီရီမြင့်)

တရားမဝင် သစ်ခွဲသားများသယ်ဆောင်သူ အရေးယူ

စစ်ကိုင်း ဇွန် ၃

စစ်ကိုင်းခရိုင် သစ်တောဦးစီးဌာန လက်ထောက်ညွှန်ကြားမှူး ဦးကျော်ထွန်း ဦးဆောင်သည့် တရားမဝင်သစ်ဖမ်းဆီးရေးအဖွဲ့သည် မေ ၁၃ ရက် ညနေ ၇ နာရီတွင် စစ်ကိုင်းမြို့ အမှတ်(၃) ခရိုင်ချင်းဆက်လမ်း မိုင်တိုင်အမှတ်(၈/၄)အနီး၌ ယာဉ်မောင်း ဦးသန်းမင်းဦး မောင်းနှင်လာသည့် ယူဒီနီဆန်း ၁၂ ဘီးယာဉ်အား ရပ်တန့်ရှာဖွေရာ ကားပေါ်တွင် တရားမဝင် သစ်ခွဲသားများ တွေ့ရှိ၍**(အပေါ်ပုံ)** စစ်ကိုင်းမြို့နယ်သစ်တောဦးစီးရုံးဝင်းအတွင်းသို့ ခေါ်ယူ၍ သက်သေများနှင့်အတူ စစ်ဆေးရာ ကားပေါ်၌ တရားမဝင် သစ်မာစကွဲယားခွဲသား ၁၈ ဒသမ ၄၂၄၈ တန် ၁၁၇ ချောင်းကို တွေ့ရှိရ၍ သိမ်းဆည်းလိုက်ပြီး စစ်ကိုင်းအမှတ် (၁) ရဲစခန်းက တရားမဝင် သစ်မာခွဲသားများအား သယ်ဆောင်လာသည့် ယာဉ်မောင်း သန်းမင်းဦး(ခ)မောင်ကြီး (ဘ)ဦးခင်မောင်တင့် အောင်သစ္စာရပ် ကလေးမြို့နေသူအား (ပ)၃၅၃ ပြစ်မှုဆိုင်ရာ ဥပဒေပုဒ်မ ၆(၁)အရ အရေးယူ စစ်ဆေးလျက်ရှိကြောင်း သိရသည်။

(၂၂၅)

မြင်းလှည်းနှင့် ဆိုင်ကယ်တိုက်

ရန်ကုန် ဇွန် ၃

မိတ္ထီလာခရိုင် ဝမ်းတွင်းမြို့နယ်တွင် မေ ၇ ရက် ညနေက ဝမ်းတွင်း အမှတ်(၂)ရပ်ကွက် အလယ်ဂိတ်တွင် အမှတ်(၁)ရပ် ပျော်ဘွယ်ရပ်ကွက်နေ မောင်နိုင်(၂၅)နှစ်မောင်းနှင်လာသည့် မြင်းလှည်းနှင့် ဝမ်းတွင်းမြို့နယ် နတ်ကန်ကျေးရွာနေ ဖိုးတုတ်(၁၉)နှစ် စီးနင်းသည့် အနက်ရောင်လေ့ဂျာဆိုင်ကယ်တို့ တိုက်မိရာ ဆိုင်ကယ်စီးသူ ဖိုးတုတ်မှာ ဒဏ်ရာများ ရရှိသွားသဖြင့် ရဲဆေးစာဖြင့် ဝမ်းတွင်းဆေးရုံသို့ အတွင်းလူနာအဖြစ် တင်ပို့လိုက်ရသည်။ ဝမ်းတွင်းရဲစခန်းက မြင်းလှည်းမောင်းသူ မောင်နိုင်နှင့် ဆိုင်ကယ်စီးသူ ဖိုးတုတ်တို့အား ရဲစခန်း(ပ)၁၅၉/၂၀၁၁ ပုဒ်မ-၃၃၈ ဖြင့် အမှုဖွင့်အရေးယူထားကြောင်း သိရသည်။ (၁၁၁)

ယာဉ်နှစ်စီးရှောင်ရာမှ တိမ်းမှောက်၍ လူရှစ်ဦးဆေးရုံရောက်

ရေစကြို ဇွန် ၃

မကွေးတိုင်းဒေသကြီး ရေစကြိုမြို့နယ် မြေဖြူကျောင်းရွာအနီး မိုင်တိုင်အမှတ်(၃၀/၃၁)ကြား မိုင် ၃၀၊ ၇ ဖာလုံတွင် မေ ၂၅ ရက်က ယာဉ်နှစ်စီးရှောင်ရာမှ တိမ်းမှောက်ပြီး လူရှစ်ဦး ဆေးရုံသို့ တင်ပို့လိုက်ရသည်။

ဖြစ်စဉ်မှာ ပခုက္ကူမြို့ အမှတ်(၁) ရပ်ကွက်နေ ဦးမြင့်ကြည် (၅၈)နှစ် မောင်းနှင်လာသော(၃ဂ/၅၁၅၉)နီဆန်း သစ်တင်ကားသည် မြောက်မှတောင်သို့ မောင်းနှင်လာစဉ် မိုင် ၃၀၊ ၇ ဖာလုံ အရောက် မြိုင်မြို့ အမှတ်(၃)ရပ်ကွက်နေ ဦးဝင်းအောင် (၅၁)နှစ် (၈/မမန-နိုင်-၀၆၇၇၆၁) မောင်းနှင်လာသော (၂စ/၂၁၉၂)ရွှေခြသေ့ ခရီးသည်တင်ဟီးနိုးမှန်လုံကားနှင့် ရှောင်ကြရာမှ ကားချင်းချိတ်မိပြီး ခရီးသည်တင်မှန်လုံကားမှာ လမ်း၏ ယာဘက်သို့ မှောက်ထိုးကျသွားခဲ့ရာ ယာဉ်ပေါ်ပါ ခရီးသည်များအနက် အမျိုးသား ခြောက်ဦး၊ အမျိုးသမီးနှစ်ဦး စုစုပေါင်း ရှစ်ဦးဒဏ်ရာရရှိသဖြင့် ရေစကြိုမြို့ ပြည်သူ့ဆေးရုံတွင် ဆေးဝါးကုသမှု ခံယူနေကြကြောင်း သိရသည်။

အဆိုပါ ဖြစ်စဉ်နှင့် ပတ်သက်၍ ယာဉ်မောင်းနှစ်ဦးအား သက်ဆိုင်ရာက အမှုဖွင့်အရေးယူဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

(၃၇၄)

ပြည်တွင်းအားကစားသတင်းများ ပြည်တွင်းအားကစားသတင်းများ ပြည်တွင်းအားကစားသတင်းများ

ပထမအကြိမ် အာဆီယံ ရိုးရာစစ်တုရင်ပြိုင်ပွဲနှင့် ၂၀၁၁ ခုနှစ် သက်တန်းအလိုက် လူငယ်တံခွန်စိုက်စစ်တုရင်ပြိုင်ပွဲ ဆုချီးမြှင့်ပွဲ ကျင်းပ

ရန်ကုန် ဇွန် ၃

မြန်မာနိုင်ငံ စစ်တုရင်အဖွဲ့ချုပ်က ကြီးမှူးကျင်းပသော ပထမအကြိမ် အာဆီယံ ရိုးရာစစ်တုရင်ပြိုင်ပွဲနှင့် ၂၀၁၁ ခုနှစ် သက်တန်းအလိုက် လူငယ်တံခွန်စိုက် စစ်တုရင်ပြိုင်ပွဲများ၏ ဆုချီးမြှင့်ပွဲ အခမ်းအနားကို ယမန်နေ့ ညနေပိုင်းတွင် ရန်ကုန်မြို့ အောင်ဆန်းအားကစား ပြိုင်ဝင်းရှိ မိုးလုံလေလုံ အားကစားပြိုင်ပွဲရုံ၌ ကျင်းပရာ လူငယ်တံခွန်စိုက်စစ်တုရင်ပြိုင်ပွဲတွင် ပထမဆုရရှိကြသူများအား မြန်မာနိုင်ငံ စစ်တုရင်အဖွဲ့ချုပ်ဥက္ကဋ္ဌ ဦးမောင်မောင်လွင်နှင့် တာဝန်ရှိသူတို့က ဆုများချီးမြှင့်ကြသည်။ **(အောက်ဝဲပုံ)**

ဆက်လက်၍ မြန်မာနိုင်ငံစစ်တုရင် အဖွဲ့ချုပ်ဥက္ကဋ္ဌက ပထမအကြိမ် အာဆီယံ ရိုးရာ စစ်တုရင်ပြိုင်ပွဲတွင် ပထမ ဝင်းဇော်ထွန်း၊ ဒုတိယ ဇော်ဝင်း၊ တတိယ မျိုးနိုင်၊ စတုတ္ထ ဇော်ဦး၊ ပဉ္စမ အောင်ကျော်အေး၊ ဆဋ္ဌမ အောင်မျိုးလှိုင်နှင့် သတ္တမ နိုင်မျိုးလင်းတို့အား ဆုများချီးမြှင့်သည်။

ထို့နောက် ကွန်ပျူတာစစ်တုရင် ကော်မတီဥက္ကဋ္ဌ ဦးသာဇံက မြန်မာနိုင်ငံ စစ်တုရင်အဖွဲ့ချုပ်၌ အသုံးပြုရန် ငွေကျပ် ခြောက်သိန်းတန်ဖိုးရှိ Note Book Computer တစ်လုံးကို လှူဒါန်းရာ မြန်မာနိုင်ငံ စစ်တုရင်အဖွဲ့ချုပ်ဥက္ကဋ္ဌက လက်ခံပြီး ဂုဏ်ပြုမှတ်တမ်းလွှာပေးအပ်ခဲ့ကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

ရတနာပုံဘောလုံးအကယ်ဒမီအသင်းအား ဗန်ကောက်ဂလက်စ်ဘောလုံးအကယ်ဒမီအသင်းနှင့် ခြေစမ်းပွဲမကစားမီ တွေ့ရစဉ်။

မြန်မာလူငယ်ကစားသမားကောင်းများ အတွေ့အကြုံရရှိခဲ့သည့် ရတနာပုံဘောလုံးအကယ်ဒမီ၏ ထိုင်းခြေစမ်းခရီးစဉ်

ရန်ကုန် ဇွန် ၃

ထိုင်းနိုင်ငံ ဗန်ကောက်မြို့တွင် သွားရောက်ကစားခဲ့သည့် ရတနာပုံဘောလုံးအကယ်ဒမီ၏ ခြေစမ်းခရီးစဉ်နှင့်ပတ်သက်သည့် စာနယ်ဇင်းရှင်းလင်းပွဲကို မေ ၃၁ ရက်က မြန်မာနိုင်ငံ ဘောလုံးအဖွဲ့ချုပ်၌ ကျင်းပသည်။

ရတနာပုံဘောလုံး အကယ်ဒမီအသင်းသည် မေ ၁၆ ရက်မှ ၃၀ ရက်အထိ ထိုင်းနိုင်ငံတွင် ပူးတွဲလေ့ကျင့်မှုများ ပြုလုပ်ခဲ့ပြီး ခြေစမ်းပွဲ ရှစ်ပွဲယှဉ်ပြိုင်ကစားခဲ့ရာ လေးပွဲနိုင်၊ နှစ်ပွဲသရေ၊ နှစ်ပွဲရှုံးနိမ့်ခဲ့သည်။

များစွာအကျိုးရှိ

ရတနာပုံအကယ်ဒမီနည်းပြ လီယိုနာဒိုနီမားက "ယခုခြေစမ်းခရီးစဉ် စီစဉ်ပေးခဲ့သည့် အသင်းပိုင်ရှင် ဒေါက်တာစိုင်းဆမ်ထွန်းကို အထူးကျေးဇူးတင်ပါကြောင်း၊ ယခုကဲ့သို့ ပူးတွဲလေ့ကျင့်ပြီး ခြေစမ်းပွဲများကစားခဲ့ရခြင်းကြောင့် မျိုးဆက်သစ် လူငယ်ကစားသမားများအတွက် များစွာအကျိုးရှိစေပါကြောင်း၊ မြောင်တောင်ယူနိုက်တက်၊ ဗန်ကောက်ဂလက်စ်၊ အာဆင်နယ်အကယ်ဒမီနှင့် ဗန်ကောက်ခရစ်ယာန်ကျောင်းတို့နှင့် ခြေစမ်းပွဲရှစ်ပွဲ ယှဉ်ပြိုင် ကစားစေခဲ့ကြောင်း၊ ရတနာပုံအကယ်ဒမီမှ ကစားသမားများမှာ လက်ရွေးစင်အသင်းကို နောင်တစ်ချိန်တွင် အထောက်အကူပြုနိုင်မည်ဟု ယုံကြည်ကြောင်း၊ မြန်မာ့ဘောလုံးလောကတိုးတက်ရန်အတွက် အဓိက လိုအပ်နေတာ မျိုးဆက်သစ်ကစားသမားများဖြစ်ကြောင်း၊ ဘရာဇီးနိုင်ငံမှာဆိုရင် နှစ်စဉ်ဘောလုံးသူရဲကောင်းများ ပေါ်ထွက်နေသည်မှာ မျိုးဆက်မပျက်၍ ဖြစ်ကြောင်း၊ ရတနာပုံလိုဘောလုံး အကယ်ဒမီများများပေါ်လာရင် မြန်မာ့ဘောလုံးလောက အောင်မြင်လာမည်ဟု ယုံကြည်ကြောင်း"ပြောကြားခဲ့သည်။

ရတနာပုံဘောလုံး အကယ်ဒမီ လက်ထောက်နည်းပြ မြန်မာ့လက်ရွေးစင် ဘောလုံးသမားဟောင်း ဦးမြင့်ကိုက "ထိုင်းအကယ်ဒမီမှ ကစားသမားများမှာ ခန္ဓာကိုယ်အရွယ်အစားပိုကြီးသော်လည်း ဘောလုံးပညာတွင် မိမိကစားသမားများ ထက်မသာကြောင်း၊ ရှုံးနိမ့်ခဲ့တဲ့နှစ်ပွဲမှာ မြက်ခင်းတုကွင်းတွင် ကစားခဲ့ရခြင်း ဖြစ်ကြောင်း၊ ဗန်ကောက်ဂလက်စ် အသင်းမှာ ဂျာမနီနည်းပြနှင့် လေ့ကျင့်ထားသည်မှာ လေးနှစ်ရှိပြီဖြစ်ပြီး မိမိတို့က တစ်နှစ်ကျော်သာ ရှိသေးကြောင်း၊ ဗန်ကောက်ခရစ်ယာန်အသင်းကိုလည်း ခက်ခက်ခဲခဲကစားပြီးမှ အနိုင်ရခဲ့ကြောင်း" ပြောကြားခဲ့သည်။

မြန်မာ့ဘောလုံးလောက ဖွံ့ဖြိုးတိုးတက်ရေးကို အထောက်အကူပြုနိုင်ရန်အတွက် ရတနာပုံအသင်းပိုင်ရှင် ဒေါက်တာစိုင်းဆမ်ထွန်းက ရတနာပုံဘောလုံး အကယ်ဒမီကို ငွေကြေးများစွာ အကုန်အကျခံ၍ ၂၀၁၀ ခုနှစ် မတ်လတွင် တည်ထောင်ခဲ့ပြီး မန္တလေးမြို့တွင် အခြေစိုက်ထားသော်လည်း မြန်မာနိုင်ငံအနှံ့အပြားမှ အသက်(၁၂)နှစ်မှ (၁၆)နှစ်ကြားရှိ ရွက်ပုန်းသီး ကစားသမားများကို စုစည်းရွေးချယ်ထားခြင်း ဖြစ်သည်။ ဘောလုံးအားကစားကို လေ့ကျင့်ပေးရုံသာမက ကစားသမားများ၏ ကျန်းမာရေး၊ ပညာရေး၊ နေထိုင်သွားလာရေးတို့ကိုပါ လိုလေသေးမရှိအောင် စီစဉ်ဆောင်ရွက်ပေးထားပြီး ပြည်ပ၌ သွားရောက်လေ့ကျင့်ခြေစမ်းသည့် ပထမဆုံးမြန်မာ့ဘောလုံး အကယ်ဒမီဖြစ်ပါကြောင်းဖြင့် ပြောကြားသွားသည်။

သတင်းမှတ်စုနှင့်ဓာတ်ပုံ ဖိုးသော်ဇင်

မြန်မာဘောလုံးအကယ်ဒမီများအတွက် ကျောင်းသားသင်တန်းသားများအား ဇွန်လဒုတိယအပတ်တွင် လူရွေးချယ်မည်

ရန်ကုန် ဇွန် ၃

မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ် (MFF) က တည်ထောင်ဖွင့်လှစ်သည့် မြန်မာဘောလုံး အကယ်ဒမီသင်တန်းကျောင်းများတွင် တက်ရောက်ခွင့်ရရှိရန်အတွက် သင်တန်းသားများရွေးချယ်မှုကို ဇွန် ၁၂ ရက်မှ ၁၇ ရက်အထိ ပြည်နယ်နှင့်တိုင်းဒေသကြီး မြို့ကြီးများ၌ ကျင်းပသွားမည် ဖြစ်သည်။ ဘောလုံးအကယ်ဒမီသို့ တက်ရောက်ခွင့် ရရှိရန်ရွေးချယ်ခံလိုသော ကျောင်းသားလူငယ်များအနေဖြင့် သတ်မှတ်အသက်အရွယ်ရှိရမည့်အပြင် ကျန်းမာရေးဝန်ကြီးဌာနက သတ်မှတ်ပေးထားသည့် ခန္ဓာကိုယ်ဖွံ့ဖြိုးမှုစံနှုန်းများနှင့် ကိုက်ညီရမည်။ ဉာဏ်ရည်ပြည့်မီပြီး သတ်မှတ်သက်တမ်းနှင့် လိုက်လျောညီထွေရှိသော ဘောလုံးအခြေခံ ကျွမ်းကျင်မှုရှိရန်လိုပြီး အကျင့်စာရိတ္တကောင်းမွန်၍ နာခံတတ်သော စိတ်ဓာတ်မျိုးရှိရမည်။

MFF အနေဖြင့် နိုင်ငံတစ်ဝန်းလုံးမှ ကလေးသူငယ်များ ပါဝင်ရွေးချယ်ခွင့်ရရှိစေရန် ရွေးချယ်ရေးအဖွဲ့များ ဖွဲ့စည်း၍ မန္တလေး၊ စစ်ကိုင်း၊ ရန်ကုန်၊ ပဲခူး၊ ပုသိမ်၊ တောင်ကြီး၊ လွိုင်ကော်၊ မော်လမြိုင်၊ လားရှိုး၊ နေပြည်တော်၊ မကွေး၊ စစ်တွေ၊ ကော့သောင်း၊ ကျိုင်းတုံမြို့များသို့ သွားရောက်၍ အရည်အချင်းပြည့်မီသော ကလေးသူငယ်များကို စနစ်တကျ စိစစ်ရွေးချယ်သွားမည်ဖြစ်သည်။ ယခုအကြိမ် ရွေးချယ်မှုတွင် မန္တလေးမြို့ဘောလုံး အကယ်ဒမီအတွက် U-11 သင်တန်းသားများနှင့် မကြာမီဖွင့်လှစ်တော့မည့် ပုသိမ်ဘောလုံးအကယ်ဒမီအတွက် U-13 သင်တန်းသားများအား ရွေးချယ်သွားမည်ဖြစ်သည်။

မြန်မာဘောလုံး အကယ်ဒမီတွင် တက်ရောက်ခွင့်ရရှိသည့် ကျောင်းသားကလေးသူငယ်များအနေဖြင့် အကယ်ဒမီကျောင်းများတွင် အခမဲ့ နေထိုင်စားသောက်ခွင့်ရရှိမည့်အပြင် သင်တန်းဝတ်စုံနှင့် လေ့ကျင့်ရေးဝတ်စုံများလည်း အခမဲ့ရရှိမည်ဖြစ်သည်။ ထို့အပြင် အတန်းအလိုက် သင်တန်းသားထောက်ပံ့ကြေးကိုလည်း ခံစားရရှိမည့်အပြင် မိမိတို့တက်ရောက်နေသော နှစ်အလိုက် ကျောင်းပညာကိုလည်း အခမဲ့ ဆက်လက်တက်ရောက်နိုင်ရန် မြန်မာဘောလုံး အကယ်ဒမီမှ စီစဉ်ပေးမည်ဖြစ်ပြီး ကျောင်းစရိတ်နှင့် ကျောင်းဝတ်စုံများကိုလည်း ပံ့ပိုးထောက်ပံ့ပေးသွားမည်ဖြစ်သည်။ ကလေးများ ဉာဏ်ရည်ဉာဏ်သွေး ပိုမိုမြင့်မားစေရန်အတွက်လည်း အင်္ဂလိပ်စာနှင့် အားကစားစိတ်ပညာကို သီးခြားသင်ကြားပို့ချပေးသွားမည်ဖြစ်သည်။

ရွေးချယ်ခံလိုသော ကျောင်းသားကလေးသူငယ်များသည် မိမိတို့၏ပြည်နယ်နှင့် တိုင်းဒေသကြီးအတွင်းရှိ ခရိုင်နှင့်မြို့နယ်အားကစား ကော်မတီများနှင့် ဆက်သွယ်၍ ကြိုတင်စာရင်းပေးသွင်းနိုင်ကြောင်း သတင်းရရှိသည်။

(ကြေးမုံ)

၂၀၁၁ အာရှလေ့လှော်ပြိုင်ပွဲ မြန်မာနိုင်ငံကိုယ်စားပြု အမျိုးသားအသင်း ပထမဆုဆွတ်ခူး

နေပြည်တော် ဇွန် ၃

၂၀၁၁ခုနှစ် ပထမအကြိမ် အာရှရိုးရာ လေ့လှော်ပြိုင်ပွဲကို တရုတ်ပြည်သူ့သမ္မတနိုင်ငံ ကွမ်ရှီးကျွမ်းပြည်နယ် ဖန်ချင်ကန်မြို့၌ ယနေ့ ကျင်းပရာ မြန်မာ့ရိုးရာလေ့လှော် အမျိုးသားအသင်းက ပထမဆုရရှိပြီး ဖန်ချင်ကန်မြို့ ကိုယ်စားပြုအသင်းက ဒုတိယဆုနှင့် ဟောင်ကောင်အသင်းက တတိယဆု အသီးသီးရရှိသွားကြသည်။ အဆိုပါ ပြိုင်ပွဲသို့ ပြိုင်ပွဲဝင်အသင်း ၂၁ သင်း ဝင်ရောက်ယှဉ်ပြိုင်ခဲ့ကြကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

မဲခေါင်မြစ်ဝှမ်းဒေသ အားကစားပြိုင်ပွဲ မြန်မာအားကစားအဖွဲ့ ဆုတံဆိပ်များရရှိ

နေပြည်တော် ဇွန် ၃

ထိုင်းနိုင်ငံ Nakha Phanon မြို့၌ ကျင်းပသော မဲခေါင်မြစ်ဝှမ်းဒေသ အားကစားပြိုင်ပွဲသို့ မြန်မာအားကစားအဖွဲ့ သွားရောက်ယှဉ်ပြိုင်ရာ ယနေ့ ကျင်းပသော ဗိုလ်လုပွဲများအပြီးတွင် မြန်မာဘော်လီဘောအသင်းသည် ထိုင်းအသင်းအား သုံးပွဲတစ်ပွဲဖြင့်နိုင်ပြီး ရွှေတံဆိပ်ဆုကို လည်းကောင်း၊ မြန်မာဘောလုံးအသင်းသည် ထိုင်းအသင်းအား နှစ်ဂိုးသုံးဂိုးဖြင့် ရှုံးပြီး ဒုတိယ ငွေတံဆိပ်ဆုကို လည်းကောင်း၊ မြန်မာပြေးခုန်ပစ်အဖွဲ့သည် ရွှေ ၁၀၊ ငွေ ၆၊ ကြေး ၃ ဆုတံဆိပ်များကိုလည်းကောင်း အသီးသီးရရှိခဲ့ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

နိုင်ငံတကာအားကစားသတင်းများ နိုင်ငံတကာအားကစားသတင်းများ နိုင်ငံတကာအားကစားသတင်းများ

မိုက်ကယ်ကာရစ် ဆွစ်ဇာလန်နှင့်ပွဲကို လွဲချော်မည်

လန်ဒန် ဇွန် ၃

မန်ယူအသင်းမှ အင်္ဂလန်ကွင်းလယ် ကစားသမား မိုက်ကယ်ကာရစ်သည် ဒဏ်ရာပြဿနာကြုံတွေ့နေရ၍ ဇွန် ၄ ရက်(စနေနေ့)တွင် ဆွစ်ဇာလန်အသင်းနှင့် ကစားရမည့် ၂၀၁၂ ဥရောပခြေစစ်ပွဲကို လွဲချော်မည်ဖြစ်သည်။

ဒဏ်ရာရရှိ

အသက်(၂၉)နှစ်ရှိ မိုက်ကယ်ကာရစ်သည် ဝင်ဘလေကွင်းတွင် ဘာစီလိုနာအသင်းကို ရှုံးခဲ့သည့် ချန်ပီယံလိဂ်ဗိုလ်လုပွဲတွင် မန်ယူအသင်း၏ ပထမပွဲထွက်စာရင်းတွင် ပါဝင်ကစားခဲ့ပြီး ပွဲချိန် ၇၆ မိနစ်တွင် ဒဏ်ရာရရှိခဲ့ခြင်းဖြစ်သည်။ ယင်းအပြင် ဒေးဗစ်စတော့ဒေးလ်နှင့် ဂျာမိန်းဒီဖိုးတို့သည်လည်း အင်္ဂလန်အသင်းတွင် ပါဝင်မည်မဟုတ်ပေ။

တတိယနေရာ

အင်္ဂလန်အသင်းသည် ၂၀၁၂ ဥရောပ ခြေစစ်ပွဲတွင် အုပ်စု(G)၌ မွန်တီနီဂရိုး၊ ဆွစ်ဇာလန်၊ ဘူလ်ဂေးရီးယား၊ ဝေးလ်တို့နှင့် တစ်အုပ်စုတည်းကျရောက်နေပြီး လေးပွဲကစားအပြီးတွင် အင်္ဂလန်က ၁၀ မှတ်ရရှိထားကာ အုပ်စုပထမနေရာကို ဦးဆောင်လျက်ရှိနေသည်။ အင်္ဂလန်နှင့် အဝေးကွင်း လာရောက်ကစားရမည့် ဆွစ်ဇာလန်မှာမူ လေးပွဲကစားအပြီးတွင် လေးမှတ်ဖြင့် တတိယနေရာတွင် ရှိနေသည်။ ***AFP*။**

ဆွစ်ဇာလန်နှင့် ခြေစစ်ပွဲကို လွဲချော်မည့် မိုက်ကယ်ကာရစ်။

ဟန်သစ်

ဖာဘရီဂက်စ်ကို အလိုရှိပါက ပေါင် ၅၄ သန်းဖြင့် ခေါ်ယူနိုင်

မက်ဒရစ် ဇွန် ၃

အာဆင်နယ်အသင်းသည် ၎င်းတို့အသင်းမှ ကွင်းလယ်ကစားသမား ဖာဘရီဂက်စ်ကို အလိုရှိပါက ရီးယဲလ်မက်ဒရစ်အသင်းအနေဖြင့် ပေါင် ၅၄ သန်းဖြင့် ခေါ်ယူနိုင်ကြောင်း ထုတ်ဖော်ပြောကြားလိုက်သည်။

ယခုသီတင်းပတ်အစောပိုင်းက နည်းပြ အာစင်ဝင်းဂါးက ဖာဘရီဂက်စ်ကို ခေါ်ယူရန် မည်သည့်ကမ်းလှမ်းမှုမျှ မရှိသေးကြောင်း ထုတ်ဖော်ပြောကြားပြီးနောက် ရီးယဲလ်မက်ဒရစ်အသင်း၏ ဒါရိုက်တာ ဂျိုဆေးအိန်ဂျယ်လ် ဆန်းချက်က ဆက်သွယ်လာခဲ့ခြင်းဖြစ်သည်။

လက်ဦးမှုရယူ

ရီးယဲလ်မက်ဒရစ်အသင်း အနေဖြင့် ဖာဘရီဂက်စ်ကို ဘာစီလိုနာထက် လက်ဦးမှုရယူကာ ခေါ်ယူနိုင်ရန် ကြိုးပမ်းနေပြီဖြစ်သည်။

ဆန်းချက်က ၎င်းအနေဖြင့် အဓိက ပြိုင်ဘက် ဘာစီလိုနာကို ကျော်ဖြတ်၍ ဖာဘရီဂက်စ်ကို ရယူရန် ဆုံးဖြတ်ထားကြောင်း၊ ဖာဘရီဂက်စ်သည် လာမည့် ဘောလုံးရာသီတွင် ရီးယဲလ်မက်ဒရစ်အသင်းအား အောင်မြင်မှုရရှိအောင် စွမ်းဆောင်ပေးနိုင်မည်ဟု ယုံကြည်ကြောင်း ပြောကြားခဲ့သည်။

ပီရက်စ်အနေဖြင့် လာမည့်ဘောလုံးရာသီအတွက် ကစားသမားအပြောင်းအရွှေ့တွင် ပေါင်သန်း ၁၀၀ ခန့် အသုံးပြုဖွယ်ရှိနေပြီး ဖာဘရီဂက်စ်အပြင် အက်သလက်တီကိုမက်ဒရစ် အသင်းမှ တိုက်စစ်မှူး အဂူရိုကိုလည်း ဘာစီလိုနာကို ကျော်ဖြတ်၍ ရယူနိုင်ရန် ကြိုးပမ်းလျက်ရှိသည်။

ဘာစီလိုနာအသင်း၏ ငယ်မွေးခြံပေါက် အသက် (၂၄)နှစ်အရွယ်ရှိ ဖာဘရီဂက်စ်သည် အင်္ဂလန်တွင် ရှစ်နှစ်ကြာ ကစားပြီးနောက် နူးကမ့်ကွင်းသို့သာ ပြန်သွားရန်ဆန္ဒရှိနေသည်။

***The Sun*။**

- ❑ တည်ငြိမ်အေးချမ်းမှ တိုင်းပြည် ဖွံ့ဖြိုးတိုးတက်မည်။
- ❑ တည်ငြိမ်အေးချမ်းမှ ဒီမိုကရေစီ ဖော်ဆောင်အောင်မြင်နိုင်မည်။

- ❑ မင်းမဲ့စရိုက်ဖြင့် ဒီမိုကရေစီမရနိုင်။
- ❑ ဆူပူမှုဖြင့် ဒီမိုကရေစီမရနိုင်။
- ❑ အခြေခံဥပဒေဖြင့်သာ ဒီမိုကရေစီရနိုင်သည်။

ပြည်သူ့ဆန္ဒသဘောထား

- ☆ တည်ငြိမ်အေးချမ်းမှုကို လိုလားသည်။
- ☆ ဖွံ့ဖြိုးတိုးတက်မှုကို လိုလားသည်။
- ☆ ဆူပူအကြမ်းဖက်မှုကို မလိုလား။
- ☆ ဆူပူအကြမ်းဖက်မှု ဖန်တီးသူများ - ဝိုင်းဝန်းဖယ်ရှား။

- ☆ VOA, BBC - ရန်တိုက်ပေးနေသည်။
- ☆ RFA, DVB - သွေးထိုးနေသည်။
- ☆ ခလောက်ဆန် အကောက်ကြံ လေလှိုင်းသံ လူသတ်သမား - နားမယောင်လေနဲ့ သတိထား။

တက္ကသိုလ်ဝင်စာမေးပွဲ အောင်စာရင်းများ ထုတ်ပြန်ကြေညာ

နေပြည်တော် ဇွန် ၄

၂၀၁၁ ခုနှစ် မတ်လအတွင်း ကျင်းပစစ်ဆေးခဲ့သော တက္ကသိုလ်ဝင်စာမေးပွဲအောင်စာရင်းများကို ယနေ့ (ဇွန် ၄ ရက်၊ စနေနေ့) နံနက် ၆ နာရီတွင် ထုတ်ပြန်ကြေညာလိုက်သည်။

အဆိုပါ အောင်စာရင်းများကို သက်ဆိုင်ရာ တိုင်းဒေသကြီး၊ ပြည်နယ်နှင့် မြို့နယ်အသီးသီးရှိ သက်ဆိုင်ရာ စာစစ်ဌာနကျောင်းများ၌ တစ်ချိန်တည်း ကပ်ထား ကြေညာထားသည်။

ထို့အပြင် ရန်ကုန်မြို့ အင်းစိန်မြို့နယ် အမှတ်(၁) အခြေခံပညာအထက်တန်းကျောင်း၊ ရန်ကင်းမြို့နယ် အမှတ်(၁) အခြေခံပညာအထက်တန်းကျောင်း၊ ကမာရွတ်မြို့နယ် အမှတ်(၃) အခြေခံပညာအထက်တန်းကျောင်း၊ လမ်းမတော်မြို့နယ် အမှတ်(၁) အခြေခံပညာအထက်တန်းကျောင်း၊ ဒဂုံမြို့နယ် အမှတ်(၂) အခြေခံပညာအထက်တန်းကျောင်းနှင့် သဃ်န်းကျွန်းမြို့နယ် အမှတ်(၁) အခြေခံပညာအထက်တန်းကျောင်းတို့တွင်လည်း ရန်ကုန်တိုင်းဒေသကြီးမှအပ အခြားတိုင်းဒေသကြီးနှင့် ပြည်နယ်များ၏ အောင်စာရင်းများကို ကပ်ထားပေးကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

ကမ္ဘာ့အကြီးဆုံးသော လေစွမ်းအင်တာဘိုင်စက်များ တရုတ်နိုင်ငံရှိကုမ္ပဏီ ထုတ်လုပ်ရန်ရည်မှန်း

ပေကျင်း ဇွန် ၃

တရုတ်နိုင်ငံရှိ ဆိုင်နိုဗယ် (Sinovel)လေစွမ်းအင် ထုတ်လုပ်ရေး ကုမ္ပဏီသည် ကမ္ဘာ့အကြီးဆုံးသော လေစွမ်းအင်တာဘိုင်စက်များကို ထုတ်လုပ်နိုင်ရန် ရည်ရွယ်လျက် ၆ မဂ္ဂါဝပ် လေစွမ်းအင် တာဘိုင်စက်ကို နမူနာပုံစံတစ်ခုအဖြစ် တီထွင်ထုတ်လုပ်ထားပြီးဖြစ်ကြောင်း အဆိုပါ ကုမ္ပဏီက မေ ၃၁ ရက်တွင် ထုတ်ပြန်ကြေညာသည်။

တီထွင် ထုတ်လုပ်ထားသော လေစွမ်းအင် တာဘိုင်စက်ကို ကုန်းတွင်းပိုင်းဒေသ၊ ကမ်းလွန်ဒေသနှင့် ဒီလှိုင်းလျှပ်စစ် ထုတ်လုပ်နိုင်သောဒေသတို့၌ အသုံးပြုနိုင်မည်ဖြစ်ကြောင်း ဆိုင်နိုဗယ် လေစွမ်းအင်ထုတ်လုပ်ရေးကုမ္ပဏီ ဒုတိယဥက္ကဋ္ဌ တောင်ဂန်းက ပြောကြားသည်။

တရုတ်နိုင်ငံ၌ လျှပ်စစ်ခေတ်အား ၆ မဂ္ဂါဝပ် ထုတ်လုပ်နိုင်စွမ်းရှိသော လေစွမ်းအင် တာဘိုင်စက်ကို ပထမဆုံးအကြိမ် တီထွင်ထုတ်လုပ်ခြင်းဖြစ်သည်။

တရုတ်နိုင်ငံသည် လေစွမ်းအင် ထုတ်လုပ်ရေး စက်မှုလုပ်ငန်းအရ ဥရောပနှင့် ယှဉ်ပြိုင်နိုင်ရန် ကြိုးပမ်း

စာမျက်နှာ ၅ ကော်လံ ၃ သို့ ❍

ဆိုင်နိုဗယ်ကုမ္ပဏီ၏ အလုပ်သမားများ လေစွမ်းအင်ထုတ်လုပ်ရေး တာဘိုင်စက်များ တပ်ဆင်ထုတ်လုပ်နေသည်ကို တွေ့ရစဉ်။ *(ဓာတ်ပုံ-အင်တာနက်)*

စွမ်းအင်နည်းပညာ အင်တာနက်သတင်း

ဘာသာပြန် - သတင်းလုလင်

၂၀၁၁ ခုနှစ် တက္ကသိုလ်ဝင်စာမေးပွဲ အောင်စာရင်းများ မြန်မာ့အသံမှ ထုတ်လွှင့်ကြေညာမည်

နေပြည်တော် ဇွန် ၃

၂၀၁၁ ခုနှစ် မတ်လအတွင်းက ကျင်းပစစ်ဆေးခဲ့သော တက္ကသိုလ်ဝင်စာမေးပွဲ အောင်စာရင်းများအနက် လမ်းပန်းဆက်သွယ်ရေးခက်ခဲသော တိုင်းဒေသကြီးနှင့် ပြည်နယ်များရှိ စာစစ်ဌာနများမှ အောင်မြင်ကြသူများ၏ အောင်စာရင်းကို နေပြည်တော်မြန်မာ့အသံမှ ဇွန် ၄ ရက် (စနေနေ့) နံနက် ၈ နာရီမှစ၍ နေပြည်တော်မြန်မာ့အသံရေဒီယို (လှိုင်းတို-၅၀ ဒသမ ၇၁ မီတာ၊ ၅၉၁၅ ကီလိုဟတ်ဇ်၊ လှိုင်းတို-၅၀ ဒသမ ၁၂ မီတာ၊ ၅၉၈၅ ကီလိုဟတ်ဇ်)၊ (လှိုင်းလတ်-၄၁၁ ဒသမ ၅၂ မီတာ၊ ၇၂၉ ကီလိုဟတ်ဇ်)တို့မှ အသံလွှင့်ကြေညာပေးမည်ဖြစ်သည်။

ကချင်ပြည်နယ်ရှိ လမ်းပန်းဆက်သွယ်ရေးခက်ခဲသော တနိုင်း၊ မချမ်းဘော၊ ပူတာအို၊ နောင်မွန်း၊ ဖားကန့်၊ ကာမိုင်း၊ ဆွမ်ပရာဘွမ်၊ ချီဖွေနှင့် ရှင်ဗွေယန်စာစစ်ဌာနများ၊ ကရင်ပြည်နယ်ရှိ လမ်းပန်းဆက်သွယ်ရေးခက်ခဲသော ဖာပွန်၊ ကြာအင်းဆိပ်ကြီးနှင့် ကမမောင်း စာစစ်ဌာနများ၊ ချင်းပြည်နယ်ရှိ လမ်းပန်းဆက်သွယ်ရေးခက်ခဲသော ကန်ပက်လက်၊ မတူပီ၊ ရေဇွာ၊ လိုင်လင်းပီ၊ မင်းတပ်နှင့် ပလက်ဝ စာစစ်ဌာနများ၊ ရခိုင်ပြည်နယ်ရှိ လမ်းပန်းဆက်သွယ်ရေးခက်ခဲသော ဂွ၊ ကျိန္တလီ၊ ဇရပ်ကုန်းခင်နှင့်မာန်အောင် စာစစ်ဌာနများ၊ ရှမ်းပြည်နယ်ရှိ လမ်းပန်းဆက်သွယ်ရေးခက်ခဲသော မိုးမိတ်၊ နမ့်ဆန်(မြောက်)၊ မိုင်းဆတ်၊ မိုင်းကိုင်၊ ကွမ်းလုံ၊ မိုင်းတုံ၊ မိုင်းပျဉ်း၊ မိုင်းယန်း၊ မောက်မယ်၊ မိုင်းယောင်း၊ ကျေးသီးမံစံ၊ မိုင်းနောင်၊ ကွန်ဟိန်း၊ ဟိုပန်၊ မိုင်းခတ်၊ မိုင်းပန်၊ မိုင်းဖြတ်၊ မဘိမ်း၊ ငါးအိုး၊ မိုင်းရှူး၊ တုန်ဟုန်း၊ မန်တုံနှင့် လောက်ကိုင် စာစစ်ဌာနများ၊ တနင်္သာရီတိုင်းဒေသကြီးအတွင်းရှိ လမ်းပန်းဆက်သွယ်ရေးခက်ခဲသော ပုလော၊ ပလောက်၊ ပလနှင့် ဘုတ်ပြင်းစာစစ်ဌာနများ၊ မကွေးတိုင်းဒေသကြီးအတွင်းရှိ လမ်းပန်းဆက်သွယ်ရေး ခက်ခဲသော ပေါက်၊ ရေပြာ၊ ထီးလင်း၊ ဆော၊ လောင်းရှည်၊ ကျောက်ထု၊ စေတုတ္တရာနှင့် ငဖဲ စာစစ်ဌာနများ၊ စစ်ကိုင်းတိုင်းဒေသကြီးအတွင်းရှိ လမ်းပန်းဆက်သွယ်ရေးခက်ခဲသော နန်းယွန်း၊ လေရှီးနှင့် လဟယ် စာစစ်ဌာနများ၊ ရန်ကုန်တိုင်းဒေသကြီးအတွင်းရှိ လမ်းပန်းဆက်သွယ်ရေးခက်ခဲသော ကိုကိုးကျွန်း စာစစ်ဌာနများမှ အောင်မြင်ကြသူများအတွက် အောင်စာရင်းများကို ထုတ်လွှင့်ပေးမည်ဖြစ်ကြောင်း သိရှိရသည်။

(သတင်းစဉ်)